# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ -၂၁၇)


၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်၊ အင်္ဂါနေ့။ Tuesday, 23 December 2025 ၁၂၀၄၀


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထား မြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## မဲစာရင်းကပ်ထားကြေညာခြင်းနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးကြေညာချက်

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်၍ အပိုင်းလိုက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများကို (ဒုတိယ)အကြိမ်အဖြစ် ၁၄ ရက် ကပ်ထားကြေညာခဲ့ပြီးဖြစ်ပါသည်။ မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် ပြင်ဆင်၊ ဖြည့်စွက်စိစစ်ပြီး မဲစာရင်းများကို နောက်ဆုံးအကြိမ်အဖြစ် ၂၃ - ၁၂ - ၂၀၂၅ ရက်နေ့မှစတင်၍ သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများတွင် ကပ်ထားကြေညာမည်ဖြစ်ပါသည်။

၂။ ရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ်များအတွက် ၂၃ - ၁၂ - ၂၀၂၅ ရက်နေ့မှ ၂၅ - ၁၂ - ၂၀၂၅ ရက်နေ့အထိ သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများတွင်လည်းကောင်း၊ ၂၆ - ၁၂ - ၂၀၂၅ ရက်နေ့မှ ရွေးကောက်ပွဲကျင်းပမည့် ၂၈ - ၁၂ - ၂၀၂၅ ရက်နေ့ မဲပေးခြင်းပြီးဆုံးသည့်အချိန်အထိ သက်ဆိုင်ရာမဲရုံများတွင် လည်းကောင်း ကပ်ထားကြေညာမည်ဖြစ်ပါသည်။

၃။ ရွေးကောက်ပွဲ အပိုင်း (၁) တွင်ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်မှအပ ကျန်မြို့နယ်များ [ရွေးကောက်ပွဲများကျင်းပခြင်းပြုမည်မဟုတ်ကြောင်း ကြေညာထားသည့် (၅၆) မြို့နယ်မပါ] တွင် ၂၃ - ၁၂ - ၂၀၂၅ ရက်နေ့မှ ၅ - ၁ - ၂၀၂၆ ရက်နေ့အထိ ၁၄ ရက်ကြာ ကပ်ထားကြေညာမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်များအနေဖြင့် မိမိမဲစာရင်းအမှတ်စဉ်များ သိရှိမှတ်သားထားပါက ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံ၌ မဲစာရင်းစိစစ်လက်မှတ်ရေးထိုးချိန်တွင် အချိန်ကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် မဲစာရင်းလာရောက်ကြည့်ရှု၍ မိမိတို့၏ မဲစာရင်းအမှတ်စဉ်များကို မှတ်သားထားခြင်းဖြင့် ပူးပေါင်း ကူညီဆောင်ရွက်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ယနေ့ ဖတ်စရာ


အဝေးသင် သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာ — စာမျက်နှာ ၂

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံသားများ၏ ခံယူချက် မျှော်လင့်ချက်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန် — ဆောင်းပါး စာမျက်နှာ ၆

ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ပြည်သူလူထု သိရှိလိုက်နာဆောင်ရွက်နိုင်ရန် သတင်းထုတ်ပြန်ကြေညာချက် — စာမျက်နှာ ၉

ရန်ကုန်မြို့၌ (၃၈)ကြိမ်မြောက်နှင့် (၃၉)ကြိမ်မြောက် အသည်းအစားထိုး ခွဲစိတ်ကုသမှု ဆောင်ရွက် — စာမျက်နှာ ၁၂




ရွှေစည်းခုံစေတီတော်မြတ်ကြီးသို့ လာရောက်ကြသည့် ဘုရားဖူးဧည့်သည်များကို တွေ့ရစဉ်။

## ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဒီဇင်ဘာကျောင်းပိတ်ရက်တွင် ပြည်တွင်းခရီးသွားဧည့်သည် လာရောက်မှု များပြား

ညောင်ဦး ဒီဇင်ဘာ ၂၂

ဒီဇင်ဘာကျောင်းပိတ်ရက်တွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အထင်ကရသမိုင်းဝင်ဘုရားပုထိုး သာသနိကအဆောက်အအုံများတွင် ပြည်တွင်းဘုရားဖူးဧည့်သည်များ အလွန်များပြားစွာ လာရောက်လျက်ရှိကြောင်း ထီးလိုမင်းလိုဘုရား ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှဦးထံမှ သိရသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ကြေးမုံ

# နိုင်ငံရေးနှင့် နိုင်ငံ့အရေးကွဲပြားသိမြင် နိုင်ငံနှင့် ဒေသအကျိုးရှေးရှုဆောင်ရွက်

မကြာမီရက်ပိုင်းတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပတော့မည်ဖြစ်သည်။ ရွေးကောက်ပွဲအောင်မြင်ရေးအတွက် ဒီမိုကရေစီစနစ်၊ ဒီမိုကရေစီအစိုးရ၊ ခေတ်မီတိုးတက်သည့် ဒီမိုကရေစီနိုင်ငံအဖြစ် လိုလားသည့် နိုင်ငံသူနိုင်ငံသားများအားလုံး တက်ညီလက်ညီ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် ဆန္ဒမဲပေးခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ရေး၊ မဲမသမာမှုမရှိစေရေးနှင့် လိုအပ်သည်များအားလုံး အသင့်ပြင်ဆင်ဆောင်ရွက်ပေးထားပြီးဖြစ်သည်။

စည်းကမ်းစနစ်ကျနပြီး ခိုင်မာအားကောင်းသည့် ဒီမိုကရေစီနိုင်ငံကို တည်ဆောက်ခြင်းသည် နိုင်ငံ့အရေးကို ဆောင်ရွက်ခြင်းဖြစ်သလို နိုင်ငံရေးကို ဆောင်ရွက်ခြင်းလည်းဖြစ်သည်။ နိုင်ငံ့အရေးတွင် နိုင်ငံသူ နိုင်ငံသားများအားလုံး ပါဝင်ကြရမည်ဖြစ်သည်။ နိုင်ငံတော်၏ အကျိုးစီးပွားကိုရှေးရှုသည့် နိုင်ငံရေးရေ့ခရီးကို ဝိုင်းဝန်းတည်ဆောက်ကြရမည်ဖြစ်သည်။ ယခုအခါ နိုင်ငံတော်၏ ရှေ့ဆက်နေသော ဒီမိုကရေစီခရီးကို ပြည်တွင်းပြည်ပမှ မနာလိုမရှုဆိတ်သူများ၊ မလိုလားသူများက နည်းလမ်းအမျိုးမျိုးဖြင့် နှောင့်ယှက်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ ဒီမိုကရေစီလိုလားသူများအနေဖြင့် နိုင်ငံတော်က လျှောက်လှမ်းနေသည့် ရွေးကောက်ပွဲတွင် ပါဝင်မဲပေးခြင်းဖြင့် နိုင်ငံသားတာဝန်ကျေပွန်အောင် ဆောင်ရွက်ရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဒီဇင်ဘာ ၂၁ ရက်က ပြည်မြို့ သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ "မိမိတို့အနေဖြင့် မဲစာရင်းတွင် ပါဝင်သူများ မဲပေးခွင့်မဆုံးရှုံးစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးခြင်း မပေးခြင်းသည် မဲဆန္ဒရှင်များ၏ ဆန္ဒဖြစ်ပြီး မဲပေးနိုင်အောင် ဆောင်ရွက်ပေးရမည်မှာ အစိုးရ၏ တာဝန်ပင်ဖြစ်ကြောင်း၊ ဆန္ဒမဲများပေးရာတွင်လည်း နိုင်ငံနှင့် ဒေသအကျိုးကို ဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို လေးစားလိုက်နာဆောင်ရွက်နိုင်သူ၊ ပြည်ထောင်စုစိတ်ဓာတ်ရှိသူ၊ နိုင်ငံရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ စီးပွားရေးအမြင်၊ လုံခြုံရေးအမြင်ရှိသူ၊ နိုင်ငံတော် တည်ရှိနေသရွေ့ တည်ရှိနေမည့် အခိုင်မာဆုံးသော အဖွဲ့အစည်းဖြစ်သည့် တပ်မတော်နှင့် လက်တွဲဆောင်ရွက်နိုင်သည့်သူများ ဖြစ်ရန်လိုကြောင်း" ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် မတည်ငြိမ်သော နိုင်ငံရေးအခြေအနေအမျိုးမျိုးကြောင့် တိုင်းပြည်ပြိုကွဲပျက်စီးနိုင်မည့်အခြေအနေသို့ မရောက်ရှိစေရန်အတွက် တပ်မတော်သည် နိုင်ငံတော်၏တာဝန်ကို အကြိမ်ကြိမ်ယူခဲ့ရသည်။ နိုင်ငံ၏ နောက်ခံသမိုင်းကြောင်းနှင့် ပထဝီဝင်အနေအထား၊ ပထဝီနိုင်ငံရေးအခြေအနေများအရ နိုင်ငံကို ထိခိုက်ပျက်စီးစေမည့်အခြေအနေများ ဖြစ်ပေါ်လေ့ရှိသဖြင့် တပ်မတော်သည် အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေရသည်။ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသော နိုင်ငံရေးသင်ခန်းစာများအရ လာမည့်နိုင်ငံရေးအခင်းအကျင်းတွင် နိုင်ငံတော်တည်ရှိနေသရွေ့တည်ရှိနေမည့် အခိုင်မာဆုံးသော အဖွဲ့အစည်းဖြစ်သည့် တပ်မတော်နှင့် လက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြီးခဲ့သည့် နိုင်ငံရေးအခင်းအကျင်းကို ကြည့်မည်ဆိုလျှင် အားနည်းချက်အမျိုးမျိုးနှင့်အတူ ဖြစ်ပေါ်လာသည့် မဲမသမာမှုများကိုအကြောင်းပြုသည့် နိုင်ငံရေးအပြောင်းအလဲဖြစ်ပေါ်ချိန်တွင် နိုင်ငံ့အရေးနှင့် နိုင်ငံရေးကို ခွဲခြားခြင်းမရှိသည့် နိုင်ငံရေးသမားများ၊ ဝန်ထမ်းများကြောင့် နိုင်ငံအတွက် များစွာထိခိုက်နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည်မှာ သင်ခန်းစာယူစရာဖြစ်သည်။ မိမိတို့အာဏာရရှိရေးကိုသာရှေးရှုပြီး တိုင်းပြည်အကျိုးစီးပွားကို မငဲ့ကွက်သည့် နိုင်ငံရေးသမားများကြောင့် ပြည်သူနှင့်ဝန်ထမ်းများမှာ အသုံးချခံ၊ စတေးခံဖြစ်ကြရသည်။ အထူးအားဖြင့် ပညာရေးဝန်ထမ်း၊ ကျန်းမာရေးဝန်ထမ်းအများစု လုပ်ငန်းခွင်စွန့်ခွာခဲ့ကြသည်။ နိုင်ငံတော်အပေါ် သစ္စာမဲ့စွာလုပ်ဆောင်ခဲ့သောကြောင့် နိုင်ငံအတွင်း ပညာရေး၊ ကျန်းမာရေးလိုအပ်ချက်များ ကြီးမားစွာဖြစ်ပေါ်ခဲ့သည်။

အချို့သောဝန်ထမ်းများအနေဖြင့် ခြိမ်းခြောက်အကျပ်ကိုင်ခံရမှု၊ ဖိအားပေးခံရမှု၊ နိုင်ငံရေးဝါဒမှိုင်း ရိုက်ခတ်မှုတို့ကြောင့် လုပ်ငန်းခွင်မှစွန့်ခွာခဲ့ကြသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်မှု အခက်အခဲအကျပ်အတည်းများ၊ နိုင်ငံရေးပဋိပက္ခများကြောင့် ဖြစ်ပေါ်လာသည့် အကြမ်းဖက်မှုများ၊ ဆေးရုံများ၊ ကျောင်းများပြန်လည်ဖွင့်လှစ်ရန် လိုအပ်မှုများ စသည်တို့ကို နည်းလမ်းမျိုးစုံဖြင့် ရင်ဆိုင်ကျော်လွှားခဲ့ရသည်။ ဝန်ထမ်းများနှင့်ပတ်သက်၍ မြန်မာ့နိုင်ငံရေးသမိုင်းတွင် အဆိုးရွားဆုံးအခြေအနေဖြစ်ပေါ်ခဲ့သည်။ ဤသည်မှာ နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ခွဲခြားသိမြင်နိုင်စွမ်းမရှိသည့် ဆိုးကျိုးများဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းပြီး နိုင်ငံတော်အပေါ်တွင် သစ္စာရှိကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ခွဲခြားသိမြင်ကာ မကြာမီကျင်းပတော့မည့် ရွေးကောက်ပွဲတွင် လူရွေးချယ်မှု မှန်ကန်ရန်လိုအပ်ပြီး နိုင်ငံတော်မှ လျှောက်လှမ်းနေသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လိုလားကြသည့် မဲစာရင်းတွင် ပါဝင်သူပြည်သူများအားလုံး ဆန္ဒမဲပေးကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## အဝေးသင် သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

**အဆင့်မြင့်ပညာဦးစီးဌာန**

ကြေညာချက်

**အဝေးသင် သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ၂၀၂၆ ပညာသင်နှစ်၊ ပထမနှစ် အဝေးသင် သင်တန်းများ၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၂၉-၁၂-၂၀၂၅ ရက်နေ့မှ ၃၁-၃-၂၀၂၆ ရက်နေ့ထိ လည်းကောင်း၊ ဒုတိယနှစ်နှင့်အထက် အဝေးသင် သင်တန်းများ၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၄-၂-၂၀၂၆ ရက်နေ့မှ ၁၅-၅-၂၀၂၆ ရက်နေ့ထိ လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၂၂

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ပြည်သူတွေကို မက်လုံးများစွာနဲ့ မြူဆွယ်လာသော ဘဝပျက်စေမည့် လူလိမ်ဂိုဏ်းအား စုပေါင်းကာကွယ်ဖို့ လိုအပ်လာ"** ခေါင်းစဉ်ဖြင့် ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် **"ပြည်ဖျက်တွေ မျှော်လင့်သလိုဖြစ်မလာခဲ့သော ဒီမိုကရေစီရွေးကောက်ပွဲ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေး တင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉ ၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၂ - ၁၂ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၅၀၀ | ၉၆၅ | ၈,၂၁၅,၁၀၀ |
| MTSH | ၃,၆၀၀ | ၃,၆၅၀ | ၆,၂၈၈ | ၂၂,၆၄၁,၈၅၀ |
| MCB | ၈,၀၀၀ | ၇,၉၀၀ | ၂၅၆ | ၂,၀၂၂,၅၀၀ |
| FPB | ၂,၄၀၀ | ၂,၄၀၀ | ၁,၂၄၀ | ၂,၉၇၀,၀၀၀ |
| TMH | ၃,၁၀၀ | ၃,၁၀၀ | ၁၄၅ | ၄၄၉,၅၀၀ |
| EFR | ၁,၆၅၀ | ၁,၆၅၀ | ၉၀၅ | ၁,၄၆၃,၁၅၀ |
| AMATA | ၃,၈၀၀ | ၃,၈၀၀ | ၂၀၀ | ၇၆၀,၀၀၀ |
| MAEX | ၃,၁၀၀ | ၃,၁၀၀ | ၁,၆၁၃ | ၄,၈၇၆,၅၅၀ |
| MADPL(PLB) | ၂,၇၀၀ | ၂,၇၀၀ | ၂,၀၀၀ | ၅,၄၀၀,၀၀၀ |
| ASPGB(PLB) | ၁၇,၅၀၀ | ၁၇,၅၀၀ | ၆၀၀ | ၁၀,၅၀၀,၀၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



**နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်နှင့် တည်ငြိမ်အေးချမ်းရေးအတွက် အဆိုပါနိုင်ငံတွင်ရှိသည့် ပြည်သူတစ်ဦးချင်းစီသည် အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်ဗဟုသုတ ပြည့်ဝကြရန်လိုပါတယ်။ အထူးသဖြင့် မိမိတို့နိုင်ငံကဲ့သို့ ဒီမိုကရေစီစနစ်ကို ကူးပြောင်းနေသည့်အချိန်တွင် တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် အရာရာကို စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် အမှားအမှန်ကို ခွဲခြားသိရှိပြီး နိုင်ငံနှင့်လူမျိုးကောင်းကျိုးများကို သယ်ပိုးရွက်ဆောင်နိုင်ကြရန် အရေးကြီးပါတယ်။**

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၁၈-၉-၂၀၂၅ ရက်၊ ထားဝယ်မြို့တော်ခန်းမဖွင့်ပွဲတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

☆ ရွှေဖုံးမှ

ဒီဇင်ဘာကျောင်းပိတ်ရက်အတွင်း သမိုင်းဝင်စေတီပုထိုးများဖြစ်သည့် ပုဂံ-ညောင်ဦးဘက်ခြမ်းရှိ စွယ်တော်သုံးဆူ၊ မဟာငှက်ပစ်တောင်စေတီ၊ ထီးလိုမင်းလိုဘုရား၊ အာနန္ဒာဘုရား၊ မဟာဗောဓိဘုရား၊ ဗူးဘုရား၊ ကန်တော့ပလ္လင်ဘုရား၊ ခေမင်္ဂဘုရားဝင်း၊ သကြားပုန်းဘုရား၊ ရွှေလိပ်တူးဘုရား၊ သဗ္ဗညုဘုရား၊ ငကျွဲနားငွှေင်းဘုရား၊ ပုထိုးသားများဘုရား၊ ဆင်များရှင်ဘုရား၊ မနုဟာဘုရား၊ ဓမ္မရာဇကဘုရား၊ ရှင်အဇ္ဇဂေါဏဘုရား၊ ဓမ္မရံကြီးဘုရားနှင့် စူဠာမဏိဘုရားတို့တွင် လာရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွား ဘုရားဖူးဧည့်သည် များပြားလျက်ရှိကြောင်း သိရသည်။

ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် ပြည်တွင်းပြည်ပခရီးသွား အဆက်မပြတ်သည့်မြို့ဖြစ်သည်။ သီတင်းကျွတ် ရုံးပိတ်ရက်၊ တန်ဆောင်တိုင်ရုံးပိတ်ရက်၊ ဒီဇင်ဘာရုံးပိတ်ရက်/ကျောင်းပိတ်ရက်များတွင် ပုဂံဒေသ၏ အလွန်ရှေးကျပြီး ပကတိအတိုင်းရှိနေသေးသည့် ဘုရား၊ ပုထိုး၊ သာသနိကအဆောက်အအုံများ ယနေ့တိုင်ရှိနေခြင်း၊ အုတ်ရိုး၊ နန်းမြို့ရိုး၊ အုတ်ပုံများနှင့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ဘုရားပုထိုးများ ဖူးမြော်နိုင်ခြင်းက ပြည်တွင်း ပြည်ပခရီးသွားများကို အလွန်ပင်ဆွဲဆောင်လှကြောင်း၊ ပုဂံဒေသသို့ ဘယ်နှခေါက်ရောက်ရောက် ထပ်ကာထပ်ကာ လာချင်စိတ်ဖြစ်စေကြောင်း ရန်ကုန်မြို့မှ အဖွဲ့လိုက်ဘုရားဖူးလာရောက်သည့် မရီရီလွင်က ပြောသည်။

ဘုရားဖူးများ၊ ပြည်တွင်း ပြည်ပ ခရီးသွားများ အမြဲတမ်းမပြတ်ရှိနေခြင်းက ပုဂံ-ညောင်ဦး ရှေးဟောင်းနယ်မြေအား တန်ဖိုးထား၍သာဖြစ်ကြောင်း လားရှိုးမြို့မှလာရောက်သည့် ဒေါ်နန်းအိလှိုင်က ပြောသည်။ ဒီပါလင်း



သဗ္ဗညုဘုရားသို့ လာရောက်ကြသည့် ခရီးသွားဧည့်သည်များကို တွေ့ရစဉ်။

# အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ အစည်းအဝေး(၂/၂၀၂၅) ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

အသေးစား ငွေရေးကြေးရေး လုပ်ငန်း ကြီးကြပ်မှုကော်မတီ အစည်းအဝေး အမှတ်စဉ်(၂/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၄၆)ရှိ ပြည်တွင်းအခွန်များ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်၊ ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အသေးစား ငွေရေးကြေးရေးလုပ်ငန်းများအသင်းမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ၂၀၂၅ ခုနှစ် အောက်တိုဘာလ စာရင်းအရ အသေးစား ငွေရေးကြေးရေးကုမ္ပဏီများသည် တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခုရှိ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာများရှိ အသင်းဝင်ဦးရေ ၂ ဒသမ ၈၄၂ သန်းသို့ အသေးစားငွေကြေးဝန်ဆောင်မှုများ ပေးလျက်ရှိရာ ၂၀၁၉ ခုနှစ် ကိုဗစ်-၁၉ ကပ်ရောဂါကာလနောက်ပိုင်းမှစပြီး လုပ်ငန်းဆောင်ရွက်မှုပမာဏသည် အတိုင်းအတာတစ်ခုအထိ ကျဆင်းသွားခဲ့သော်လည်း ၂၀၂၅ ခုနှစ် မတ်လနောက်ပိုင်း ဧပြီလမှစ၍ လုပ်ငန်းများ ပြန်လည်ကောင်းမွန်လာကြောင်း၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်းသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲမှု လျှော့ချရေးရည်ရွယ်ချက်ဖြင့်ဆောင်ရွက်သော လူမှုရေးအခြေပြုစီးပွားရေးဖြစ်ကြောင်း။

အလားတူ လုပ်ငန်းဆောင်ရွက်မှု ကုန်ကျစရိတ် တဖြည်းဖြည်း မြင့်မားလာခြင်းသည် နည်းလမ်းရှာဖြေရှင်းရမည့် အခြေအနေဖြစ်ကြောင်း၊ မတည်ငွေရင်း ကုန်ကျစရိတ်နှင့် လုပ်ငန်းဆောင်ရွက်မှု ကုန်ကျစရိတ်များသည် အနည်းငယ် မြင့်မားနေသည်ဟု သုံးသပ်မိသဖြင့် ကုန်ကျစရိတ်များလျှော့ချနိုင်ရေး သက်ဆိုင်သူများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်မည်ဆိုပါက အသင်းသားများ ချေးယူငွေအပေါ် ကောက်ခံသည့် အတိုးနှုန်းကို သင့်လျော်သော နှုန်းထားတစ်ခုသို့ လျှော့ချပေးနိုင်မည့် အခြေအနေဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း ကျေးလက်ဒေသနေ ဝင်ငွေနည်းပြည်သူများ၊ MSME များနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများသည် ဘဏ်များမှ ငွေကြေးဝန်ဆောင်မှု ရယူနိုင်မှု ကန့်သတ်ချက်ရှိနေဆဲ အခြေအနေဖြစ်သည်ကို တင်ပြချက်များအရ သိရကြောင်း။

အသေးစား ငွေရေးကြေးရေး ကုမ္ပဏီများနှင့် ယင်းက ဝန်ဆောင်မှုပေးနေသော အသင်းဝင်များ အနေဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်း(AML/CFT) ကိစ္စများဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို စနစ်တကျ လိုက်နာရေး၊ Online Scam များ၏ တလွဲအသုံးချမှု မခံရစေရေးနှင့် Cyber Security အပါအဝင် လုံခြုံရေးဆိုင်ရာကိစ္စများကိုလည်း အလေးထား ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ အသေးစား ငွေရေးကြေးရေး ဝန်ဆောင်မှုများသည် အသင်းဝင်များ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ MSME ကဏ္ဍ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းများအတွက် အမှန်တကယ်အထောက်အကူပြုရေးကို စေတနာထား၍ အလေးအနက်ထား ဆောင်ရွက်ကြရန်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က တိုင်းဒေသကြီး/ပြည်နယ် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနများ အနေဖြင့် အသေးစား ငွေရေးကြေးရေး ကုမ္ပဏီများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရေး၊ မတည်ငွေရင်း ထပ်မံဖြည့်ဆည်းရန်လိုအပ်သည့် အသေးစားငွေရေးကြေးရေး ကုမ္ပဏီများအတွက် မတည်ငွေဖြည့်တင်းရေးဆိုင်ရာ ကိစ္စရပ်များကို အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အသေးစားငွေရေးကြေးရေးလုပ်ငန်းကဏ္ဍ၏ လက်ရှိလုပ်ငန်းဆောင်ရွက်မှု၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားသည့် ကုမ္ပဏီ နှစ်ခုကို လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးရေး၊ အသေးစား ငွေရေးကြေးရေး ကုမ္ပဏီများ ပြည်တွင်း ပြည်ပ ချေးငွေရယူခွင့်ပြုရေး အတည်ပြုရန် အချက်များဖြစ်သည့် အသေးစား ငွေရေးကြေးရေး ကုမ္ပဏီများ နယ်မြေတိုးချဲ့မှု၊ မတည်ငွေရင်းထည့်ဝင်မှု၊ အစုရှယ်ယာထည့်ဝင်မှုနှင့် ဒါရိုက်တာဘုတ်အဖွဲ့ပြောင်းလဲမှု အပါအဝင် ကြီးကြပ်မှုကော်မတီက ဆွေးနွေးဆုံးဖြတ်ရန် အချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အသေးစား ငွေရေးကြေးရေး လုပ်ငန်းများအသင်းမှ အသေးစား ငွေရေးကြေးရေးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အရည်အသွေး တည်ဆောက်မှုသင်တန်းများ ဖွင့်လှစ်ပို့ချမှု၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် အသေးစား ငွေရေးကြေးရေး လုပ်ငန်း ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ အသေးစား ငွေရေးကြေးရေး လုပ်ငန်းကြီးကြပ်မှု ကော်မတီက ဖြည့်ဆည်းဆောင်ရွက်ပေးရန် အချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသူ ကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးကြပြီး ဆုံးဖြတ်မှုများ ဆောင်ရွက်ကြသည်။ အစည်းအဝေးတွင် အသေးစား ငွေရေးကြေးရေး လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ခွင့်ပြုသည့် ပြည်တွင်းကုမ္ပဏီ တစ်ခု၊ ပြည်ပကုမ္ပဏီ တစ်ခု၊ အပ်ငွေလက်ခံခြင်း ဆောင်ရွက်ခွင့်ပြုသည့် ကုမ္ပဏီ နှစ်ခု၊ မတည်ငွေတိုးမြှင့်ခွင့်ပြုသည့်ကုမ္ပဏီ သုံးခု၊ ကော်ပိုရိတ် အသက်အာမခံ ကိုယ်စားလှယ်ခွင့်ပြုမှု နှစ်ခု၊ နယ်မြေတိုးချဲ့သည့် ကုမ္ပဏီ လေးခုတို့ကို ခွင့်ပြု၍ အတည်ပြုမှတ်တမ်းတင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လယ်ယာသုံး စက်ကိရိယာပြပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

## စက်ကိရိယာအမျိုးပေါင်း ၃၀၀ ကျော်ကို ဒီဇင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ ခင်းကျင်းပြသ ရောင်းချပေးမည်



**နေပြည်တော် ဒီဇင်ဘာ ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဦးဆောင်မှုဖြင့် စက်မှုလယ်ယာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံလယ်ယာ သုံး စက်ကိရိယာလုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်းကျင်းပသည့် လယ်ယာသုံး စက်ကိရိယာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ပိုင်းတွင် နေပြည်တော် စိုက်ပျိုးရေး နှင့် မွေးမြူရေးသိပ္ပံ(ပျဉ်းမနား)၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စု ဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဒေါက်တာ ဝါဝါမောင်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးကိုကိုလွင်၊ ဒေါက်တာ ချာလီ သန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး များ၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန် များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ လယ်ယာသုံး စက်ကိရိယာ လုပ်ငန်းရှင်များ၊ တောင်သူများ နှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။



ဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးကျော်ထွန်းအေးနှင့် မြန်မာနိုင်ငံ လယ်ယာသုံး စက်ကိရိယာ လုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌ ဦးနိုင်ဦးတို့က လယ်ယာသုံး စက်ကိရိယာပြပွဲ ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြ သည်။ **(ယာပုံ)**

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စု ဝန်ကြီး ဦးမင်းနောင်က မြန်မာ နိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်း ခန့်သည် ကျေးလက်ဒေသများ တွင် နေထိုင်ကြပြီး လယ်ယာ စိုက်ပျိုးရေး လုပ်ငန်းများတွင် တစ်နည်းနည်းဖြင့် ဆက်စပ် ဆောင်ရွက်နေကြပါကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးကဏ္ဍကို အခြေခံပြီး ကျေးလက်ဒေသနေ ပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံ ရေးကောင်စီအနေဖြင့် ဦးတည်ချက် (၄) ရပ်တွင် **“နိုင်ငံ့စီးပွား ဖွံ့ဖြိုး တိုးတက်ရေး၌ အဓိကနှင့် အခြေခံ အုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေး ကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုး မွေးမြူရေးကို အခြေခံ သည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှ သည် ပြည်သူတို့၏ လူမှုစီးပွား ဘဝကို စဉ်ဆက်မပြတ် မြှင့်တင် ရေး”** ကို ဦးတည်ချက်တစ်ရပ် အဖြစ် ချမှတ် အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက် ရေးအတွက် နိုင်ငံတော်မှ ဦးစားပေး ဆောင်ရွက်နေသည့် သီးနှံများ၏ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သီးနှံ စိုက်စွမ်းအား မြှင့်တင်ရေး၊ မျိုး၊ မြေ၊ ရေ၊ နည်းပညာများကို မှန်ကန် အောင် ဆောင်ရွက်နိုင်ရေး၊ မြေဆီ လွှာကို စနစ်တကျပြုပြင်နိုင်ရေး၊ စိုက်ပျိုးရေကို ကောင်းမွန်သည့် စီမံခန့်ခွဲမှု ဖြစ်စေရေး၊ ရိတ်သိမ်း ချိန်လွန်နည်းပညာများ ဖွံ့ဖြိုး တိုးတက်စေရေး ဆောင်ရွက်နေကြ သည့်နေရာတွင်စက်မှုလယ်ယာစနစ် အသုံးပြုနိုင်ရေးသည် အရေးကြီး ကဏ္ဍမှ ပါဝင်နေကြောင်း။

နိုင်ငံတော်အနေဖြင့် လယ်ယာ ကဏ္ဍတွင် စက်ကိရိယာများ ပိုမို အသုံးပြုနိုင်ရန်အတွက် အားပေး ကူညီ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် နိုဝင်ဘာလကုန်အထိ တောင်သူပိုင် လယ်ယာသုံး စက်ကိရိယာများ အနေဖြင့် ထွန်စက်ကြီး ၄၃၉၃၉ စီး၊ လက်တွန်းထွန်စက် ၄၆၂၆၇ စီး၊ ကောက်စိုက်စက် ၁၅၈ စီး၊ လက်ဆွဲကောက်စိုက်စက် ၆၁၀၊ လက်ဆွဲမျိုးစေ့ချကိရိယာ ၃၇၄၆၇ လက်၊ ရိတ်သိမ်း ခြွေလှေ့စက် ၁၃၂၁၁ စီး၊ စပါး အခြောက်ခံစက် ၂၁၁၀ အထိ တိုးတက်ပိုင်ဆိုင်လာ ကြသည်ကို စာရင်းဇယားများအရ တွေ့ရှိရကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မြေပြုပြင် ခြင်းနှင့် စပါးရိတ်သိမ်းခြွေလှေ့ ခြင်းလုပ်ငန်းများတွင် အထိုက် အလျောက် စက်ကိရိယာများသုံးစွဲ နေကြပြီ ဖြစ်သော်လည်း သီးနှံ စိုက်ပျိုးခြင်း၊ အပင်ပြုစုခြင်း၊ စပါး အပြင် အခြားသီးနှံများ ရိတ်သိမ်း ခြွေလှေ့ခြင်း၊ သီးနှံအခြောက်ခံ ခြင်း စသည့် အခြားစိုက်ပျိုးရေး လုပ်ငန်းစဉ် အဆင့်ဆင့်တွင် စက်ကိရိယာ အသုံးပြုမှုသည် အစပျိုးဆောင်ရွက်နေသည့် အဆင့် တွင်ရှိနေပြီး စက်ကိရိယာများကို ရာခိုင်နှုန်းပြည့် သုံးစွဲနိုင်ရန် ဆိုလျှင် စိုက်ပျိုးရေးလုပ်ငန်း အဆင့်တိုင်းတွင် လယ်ယာသုံး စက်ကိရိယာများ မြောက်မြားစွာ လိုအပ်နေသေးသည်ကို တွေ့ရှိရ မည် ဖြစ်ကြောင်း။

### ရှင်းလင်းတင်ပြ

ယခု လယ်ယာသုံးစက်ကိရိယာ ပြပွဲကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှု လယ်ယာဦးစီးဌာနနှင့် မြန်မာ နိုင်ငံ လယ်ယာသုံး စက်ကိရိယာ လုပ်ငန်းရှင်များ အသင်းတို့က ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ပြပွဲ တွင် လယ်ယာသုံးစက်ကိရိယာများ ဖြစ်သည့် ထွန်စက်ကြီးများ၊ စပါး ရိတ်သိမ်း ခြွေလှေ့စက်များ၊ စပါး စိုက်စက်များ၊ သီးနှံမျိုးစေ့ချ ကိရိယာများ၊ ပဲရိတ်သိမ်း ခြွေလှေ့ စက်များ၊ လက်တွန်းထွန်စက်များ၊ လက်တွန်းမျိုးစေ့ချစက်များ၊ မြက် ရိတ်စက်များ၊ ဆေးဖျန်းစက်များ၊ အင်ဂျင်များ၊ ဆန်ကြိတ်စက်၊ စပါး ကြိတ်စက်များ၊ နေရောင်ခြည်သုံး ဆိုလာပန့်များ၊ သီးနှံအခြောက်ခံ စက်များ၊ ထွေလာဂျီများ၊ ထွန်စက် ကြီးနှင့် တွဲဖက်သုံး ကိရိယာများ အပါအဝင် စိုက်ပျိုးရေးလုပ်ငန်း များတွင် အသုံးပြုနေကြသည့် လယ်ယာသုံးစက်ကိရိယာ အမျိုး မျိုးကို ပြသထားရှိပြီး တောင်သူ များအနေဖြင့် မိမိစိတ်ဝင်စားရာ စက်ကိရိယာများကို အချိန်ယူ လေ့လာနိုင်မည် ဖြစ်ကြောင်း၊ ထို့ပြင် လယ်ယာသုံးစက်ကိရိယာ များကို မိတ်ဆက်သရုပ်ပြသခြင်း များ ဆောင်ရွက်မည်ဖြစ်ပြီး တောင်သူများကို ဈေးနှုန်းချိုသာ စွာဖြင့် ရောင်းချပေးခြင်း၊ အရစ်ကျ စနစ်ဖြင့် ရောင်းချပေးခြင်း စသည့် ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးသွားမည် ဖြစ် ကြောင်း ပြောကြားသည်။

ယင်းနောက် စက်မှုလယ်ယာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထွန်းအေးနှင့် အသင်း ဥက္ကဋ္ဌ ဦးနိုင်ဦးတို့က ပြပွဲကျင်းပ ခြင်းနှင့် လုပ်ငန်းဆောင်ရွက်နေမှု တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြ ကြသည်။

ဆက်လက်၍ Farmers Choice Tractor Co.,Ltd မှ Sonalika ထွန်စက်ကြီး နှစ်စီးနှင့် နောက်တွဲ ကိရိယာ နှစ်လက်၊ Myanmar Empire Co.,Ltd မှ ဘယ်လာရုစ် နိုင်ငံထုတ် ထွန်စက်ကြီးတစ်စီးနှင့် နောက်တွဲကိရိယာ တစ်လက်၊ Mandalar Shwe Thiha Co.,Ltd မှ Sonalika 90HP Tractor နှင့် တွဲဖက်အသုံးပြုသည့် ပြည်တွင်း ဖြစ် Front Dozer တစ်လက် တို့ကို ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်လှူဒါန်းကြရာ ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စု ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ခင်းကျင်း ပြသထားသော လယ်ယာသုံး စက်ကိရိယာ ပြခန်းများနှင့် လယ်ယာသုံးစက်ကိရိယာများဖြင့် လက်တွေ့ထွန်ယက်စိုက်ပျိုး သရုပ် ပြသနေမှုများကို လှည့်လည် ကြည့်ရှုအားပေးကြသည်။ **(ဝဲပုံ)**

ပြပွဲတွင် မြေယာပြုပြင်ခြင်း လုပ်ငန်းသုံး ထွန်စက်ကြီးအမျိုး မျိုး၊ နောက်တွဲကိရိယာများ၊ ကောက်စိုက်စက်၊ မျိုးစေ့ချ ကိရိယာ၊ ကြားပေါင်းလိုက်စက် များ၊ ဆေးဖျန်းကိရိယာများ၊ စပါးရိတ်သိမ်းခြွေလှေ့စက်များ၊ ကောက်ရိုးထုံးစက်များ၊ စပါး အခြောက်ခံစက်များ၊ အာလူး စိုက်စက်၊ အာလူးဖော်စက်၊ ပီလော ပီနံစိုက်စက်၊ ပြောင်းရိတ်စက် စသည့် စက်ကိရိယာအမျိုးပေါင်း ၃၀၀ ကျော်ကို ကုမ္ပဏီပေါင်း ၂၂ ခု မှ ပြခန်းပေါင်း ၃၀ ဖြင့် ဒီဇင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ ခင်းကျင်း ပြသ ရောင်းချပေးမည့်အပြင် လယ်ယာသုံးစက်ကိရိယာများ အသုံးပြု၍ လက်တွေ့မောင်းနှင် ထွန်ယက်စိုက်ပျိုး ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပန်းတိုင်အထွက်နှုန်း သတ်မှတ်ထားသည့် သီးနှံ ၁၀ မျိုးနှင့်စပ်လျဉ်း၍ ကွင်းဆင်း စိစစ်မေးမြန်း

**ကျောက်တန်း ဒီဇင်ဘာ ၂၂**

ရန်ကုန်တိုင်း ဒေသကြီး ကျောက်တန်းမြို့နယ်၌ ပန်းတိုင် အထွက်နှုန်း သတ်မှတ်ထားသည့် သီးနှံ ၁၀ မျိုးနှင့် စပ်လျဉ်း၍ ပန်းတိုင်ရည်မှန်းချက်၊ အထွက်နှုန်း မကောင်းရခြင်း အကြောင်းအရာ များကို ကျေးရွာများသို့ ကွင်းဆင်း စိစစ် မေးမြန်းဆောင်ရွက်ခြင်းကို ကျောက်တန်းမြို့နယ် ကျေးရွာ များ၌ ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေး ဆောင်ရွက် သည်။



အဆိုပါ ကွင်းဆင်းစစ်ဆေးရာ တွင်ကျောက်တန်းမြို့နယ် စိုက်ပျိုး ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်နှင့် ဝန်ထမ်းများက ပန်းတိုင်အထွက်နှုန်း သတ်မှတ် ထားသည့် သီးနှံ ၁၀ မျိုးနှင့် စပ်လျဉ်း၍ ပန်းတိုင်ရည်မှန်းချက်၊ အထွက်နှုန်း မကောင်းရခြင်းနှင့် ပတ်သက်သည့်(မျိုး၊ မြေ၊ ရေ၊ နည်း၊ လုပ်အား) အကြောင်းအရာများ ကို ကျေးရွာ ကိုးရွာရှိ တောင်သူ ၃၀၀ နှင့် တွေ့ဆုံ၍ ကွင်းဆင်း စိစစ်မေးမြန်းခြင်းများ ဆောင်ရွက် ခဲ့ကြောင်း သိရသည်။

**သန့်ဇင်ထွန်း**

## ဘုတ်ပြင်းမြို့၌ ပန်းတိုင်အထွက်နှုန်းသတ်မှတ်ထားသည့် သီးနှံ ၁၀ မျိုး စစ်တမ်းကောက်ယူ

**ဘုတ်ပြင်း ဒီဇင်ဘာ ၂၂**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့၌ ခရိုင်/မြို့နယ်များ ပန်းတိုင်အထွက်နှုန်း သတ်မှတ်ထားသည့် သီးနှံ ၁၀ မျိုး နှင့် စပ်လျဉ်း၍ စိုက်ပျိုရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဒီဇင်ဘာ ၁၆ ရက်တွင် ကျေးရွာများရှိ တောင်သူများအား စစ်တမ်းကောက်ယူ ခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။

တိုင်းဒေသကြီးအတွင်း ခရိုင်/မြို့နယ်များ၌ ပန်းတိုင်းအထွက်နှုန်း သတ်မှတ်ထားသည့် သီးနှံ ၁၀ မျိုး ပန်းတိုင် ရည်မှန်းချက်/အထွက်နှုန်း မကောင်းရခြင်းအကြောင်းအရာများ စိစစ်မေးမြန်း စာရင်းကောက်ယူခြင်း လုပ်ငန်းကို သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရေး ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ဘုတ်ပြင်းခရိုင်အတွင်းရှိ ကျေးရွာအုပ်စု သုံးအုပ်စုရှိ ကျေးရွာ ငါးရွာမှ တောင်သူ ၁၀၀ တို့အား စာရင်းကောက်ဝန်ထမ်းများက ကွင်းဆင်း စစ်တမ်း ကောက်ယူခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြင်ဦးလွင်မြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်ရေး "ဒို့အတူတူ မဲပေးကြမယ်" ပြည်သူလူထုလှုံ့ဆော်ရေး(Campaign) ဆောင်ရွက်





**ပြင်ဦးလွင် ဒီဇင်ဘာ ၂၂**

ဆန္ဒပြုမဲပေးခြင်းသည် နိုင်ငံသားများ၏ အမျိုးသားရေးတာဝန်ထမ်းဆောင်ခြင်း ဖြစ်ရာ ရွေးကောက်ပွဲမှတစ်ဆင့် ပိုမိုအားကောင်းသော အနာဂတ်ကို ဖော်ဆောင်နိုင်ရန် အတွက် ပြန်ကြားရေး ဝန်ကြီးဌာနက နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး /ပြည် နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပရေး လှုံ့ဆော်မှု(Campaign) ကို နိုင်ငံတစ်ဝန်း၌ စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယနေ့ နံနက်ပိုင်းတွင် ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် တာဝန်ရှိသူများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ်တီးဝိုင်းနှင့် ဝန်ထမ်းအဆိုရှင်များ၊ နိုင်ငံကျော် ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များနှင့်အတူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်ရေး ပြည်သူလူထုလှုံ့ဆော်ရေး Campaign ကိုဆောင်ရွက်ကြသည်။

အဆိုပါ အစီအစဉ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဝန်ထမ်းများက တက်ရောက်လာကြသည့် ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများအား "ဒို့အတူတူ မဲပေးကြမယ်" အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။

ဦးစွာ MRTV မှ ထုတ်လုပ်သည့် **"ရှေ့သို့ချီမည် ပန်းတိုင်ဆီ"** Video Clip ကို ဖွင့်လှစ်ပြသသည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် နယ်မြေတည်ငြိမ်လုံခြုံရေး၊ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးသည် နယ်မြေဒေသ ဖွံ့ဖြိုးရေးအတွက် အရေးကြီးသည်ကို မကြာမီက နယ်မြေဆက်စပ်ပြီး ကြုံတွေ့ခဲ့ရသည့် ပြင်ဦးလွင်မြို့နယ်မှ ပြည်သူများအနေဖြင့် ပိုမိုသိရှိကြပြီး ဖြစ်ပါကြောင်း၊ ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် မိမိတို့ဒေသအကျိုး ဆောင်ရွက်ပေးနိုင်မည့်သူများကို ရွေးချယ်ပြီး ဆန္ဒအလျောက် လွတ်လပ်စွာ ဆန္ဒပြုမဲပေးကြရန်နှင့် ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်း ဆောင်ရွက်ပေးကြရန် တိုက်တွန်း နှိုးဆော်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြင်ဦးလွင်ခရိုင်အတွက် MRTV DTH စလောင်း အစုံ ၃၀ နှင့် DVB- T2 Set Top Box အလုံး ၂၀ အား ပေးအပ်လှူဒါန်းရာ ပြင်ဦးလွင် ခရိုင်အုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

ယင်းနောက် ဖျော်ဖြေရေးအစီအစဉ်ကို စတင်ရာ ပြင်ဦးလွင်မြို့ အထက(၂)မှ ကျောင်းသူလေးများက "မေမြို့(သို့မဟုတ်)ပြင်ဦးလွင်" တေးသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ် တေးဂီတအဖွဲ့နှင့်အတူ ရုပ်ရှင်သရုပ်ဆောင် ဆုပန်ထွာ၊ ပွင့်၊ ဆောင်းယွန်းစံ၊ စည်သူဝင်း၊ သရုပ်ဆောင်/တေးသံရှင် ဟန်ထူးချာန်၊ ချာချာန်ဟန်သာ၊ သံသာမိုးသိမ့်၊ တေးသံရှင် စစ်သွေး၊ ထက်အဥ္စလီ၊ ပိုးဖြူဖြူ၊ နွေဦးသခင်နှင့် MRTV မှ တေးသံရှင် တျားရအောင်၊ စောဒယ်နီရယ်၊ စောရက်စတာ၊ ဝမ်းကေဇင်၊ ဖူးဇေကရီဆောင်း၊ မြတ်ဆုချယ်၊ အင်ကြင်းနိုင်ဦး၊ မေသူမျိုး၊ လဝန်းမေ၊ ခတ္တာ တို့က သီဆိုဖျော်ဖြေကြရာ တက်ရောက်လာကြသည့် ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများကလည်း ပါဝင်သီဆို ကခုန်ကာပျော်ရွှင်စွာ အားပေးကြသည်။



အဆိုပါ ဖျော်ဖြေရေးအဖွဲ့များအတွက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပြင်ဦးလွင်ခရိုင် အုပ်ချုပ်ရေးအဖွဲ့များမှ ဂုဏ်ပြုချီးမြှင့်ငွေများအား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့မိမြို့ဖတို့က ပေးအပ်ကြသည်။

နံနက်စောစောပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အနုပညာရှင်များနှင့် အတူ ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီး ဥယျာဉ်သို့ သွားရောက်လေ့လာကြသည်။

ပြင်ဦးလွင် ရက္ခဗေဒဥယျာဉ်ကို ရေပြင် ဧရိယာ ဧက ၇၀ အပါအဝင် အကျယ်အဝန်း ၄၃၆ ဒသမ ၃၆ ဧကတွင် သဘာဝသစ်ပင်၊ ပန်းပင်များ ထိန်းသိမ်းထားရှိမှုအပြင် မူရင်းပန်းမျိုးများ၊ စပ်မျိုးပန်းပင်များနှင့် စုဖွဲ့စိုက်ပျိုးခင်းကျင်းပြသထားမှုကိုလည်းကောင်း၊ အင်ကြင်းကျောက်ပြတိုက်၊ ရွှံ့နွံဖြတ်လျှောက်တံတား၊ သဘာဝငှက်ဥယျာဉ်၊ လိပ်ပြာပြတိုက်စသည့် ပြကွင်း/ပြကွက်များ ဖြင့်လည်းကောင်း စုဖွဲ့ကာ အများပြည်သူလေ့လာနိုင်ရန်နှင့် အပန်းဖြေနိုင်ရန် စီစဉ်ဆောင်ရွက်ထားသည်။

ထို့ပြင် နှစ်စဉ်ဆောင်းရာသီတိုင်းတွင် ပန်းပွဲတော်များ စီစဉ်ကျင်းပလျက်ရှိရာ ယခုနှစ် ဒီဇင်ဘာ ၄ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၆ ရက် အထိ (၁၈)ကြိမ်မြောက် ပန်းပွဲတော်ကို နိုင်ငံကျော်အနုပညာရှင်များပါဝင်ကာ စင်တင်တေးဂီတဖြင့် ထည့်သွင်းကျင်းပလျက်ရှိရာတွင် ရုံးပိတ်ရက်များနှင့် အချို့ရက်များ၌ လာရောက်လေ့လာလည်ပတ်မှုနှင့် အပန်းဖြေရန်လာရောက်မှုဦးရေမှာ ပြည်ပခရီးသွားများ အပါအဝင် တစ်ရက်လျှင် အများဆုံး လာရောက်လည်ပတ်သူ လေးသောင်းခန့်ထိ ရှိနေပြီး မျှော်မှန်းထားသည်ထက် ပိုမိုလာရောက် လည်ပတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## မဲရုံဆီသို့ သွားကြစို့

❖ အပြောဆိုးဆိုး၊ မဆိုးဆိုး
သဘောရိုးသူ မဲပေးမည်။
❖ အကြိုက်ပေါင်းပေါင်း၊ မပေါင်းပေါင်း
စရိုက်ကောင်းသူ မဲပေးမည်။
❖ အနှစ်ပြည့်ပြည့်၊ မေတ္တာပြည့်
သစ္စာရှိသူ မဲပေးမည်။
❖ နိုင်ငံ့ကောင်းကျိုး၊ ရည်မြော်ကိုး
သယ်ပိုးမည့်သူ မဲပေးမည်။
❖ ပြည်သူ့အတွက်၊ တစ်ခဲနက်
ဆောင်ရွက်မည့်သူ မဲပေးမည်။
❖ အရေးသုံးပါး၊ ဦးထိပ်ထား
ကိုးစားထိုက်သူ မဲပေးမည်။
❖ နိုင်ငံအနှံ့၊ ကမ္ဘာနှံ့
ဝင်ဆံ့မည့်သူ မဲပေးမည်။
❖ ကျောသားရင်သား၊ မခွဲခြား
လေးစားထိုက်သူ မဲပေးမည်။
❖ ကောင်းဆိုးဆင်ခြင်၊ ကြောင်းကျိုးယှဉ်
မြော်မြင်ကြီးသူ မဲပေးမည်။
❖ မွေးမြူစိုက်ပျိုး၊ ထုတ်ကုန်တိုး
ကြိုးပမ်းမည့်သူ မဲပေးမည်။
❖ ထုတ်ကုန်တိုးလို့၊ ဖွံ့ဖြိုးဖို့
ထောက်ပို့မည့်သူ မဲပေးမည်။
❖ စည်သာငြိမ်းချမ်း၊ ပန်းခင်းလမ်း
ပြည့်ဝမ်းဖြည့်သူ မဲပေးမည်။
❖ ကိုယ်ကျိုးမငဲ့၊ ပြည်ကျိုးငဲ့
တည့်မတ်မည့်သူ မဲပေးမည်။
❖ ဆွေဖော်ရောင်းရင်း၊ သူငယ်ချင်းတို့
စဉ်းစားဆင်ခြင်၊ ဉာဏ်နှင့်ယှဉ်ပြီး
မြော်မြင်ရှေ့ရေး၊ ရေရှည်တွေးကာ
ရွေးချယ်ခံမည့် ကိုယ်စားလှယ်။
ကိုယ့်စိတ်ကြိုက်ရွေး မဲပေးမယ်။
မဲရုံဆီသို့ သွားစို့ကွယ်။ ။

**မောင်ကျော်(ပညာရေး)**

## လသာမြို့နယ်၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ ရွေးကောက်ပွဲလုပ်ငန်းစဉ် ဆွေးနွေး



**လသာ ဒီဇင်ဘာ ၂၂**

လသာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ဆွေးနွေးပို့ချသင်ကြားပေးသည့် သင်တန်းကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါသင်တန်းတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူးဆန်းထွန်းအောင်က မဲရုံမှူး၊ ဒုတိယမဲရုံမှူးများအနေဖြင့် မဲရုံတာဝန်များကို ဦးဆောင်ပြုလုပ်ရမည်ဖြစ်သဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအား မြန်ဆန်တိကျစွာ နားလည်ကျွမ်းကျင်စေရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစံသိန်းက ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ဆက်လက်ရှင်းလင်းပြောကြားပြီး အတွင်းရေးမှူး ဒေါ်အိအိခင်က မဲရုံ အလုပ်သဘောတရားများ၊ အသုံးပြုရန်ပုံစံများနှင့် စာရင်းဇယားများအား ပိုမိုသိရှိနိုင်ရန် သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **နေလင်း(ပြန်/ဆက်)**

(၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံသားများ၏ခံယူချက် မျှော်လင့်ချက်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏တာဝန်

မိုးကေနိုင်

၂၀၂၅ ခုနှစ်အကုန်၊ ၂၀၂၆ ခုနှစ်ဆန်း ကာလအပိုင်းအခြားတစ်ခုကား နိုင်ငံအတွက် အလွန်အရေးကြီးသောကာလတစ်ခု၊ ပြည်သူများအတွက် မလွဲမသွေဖြတ်ကျော်ရမည့် အချိုးအကွေ့တစ်ခုဖြစ်နေသည်။ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစ၍ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို အပိုင်းသုံးပိုင်းဖြင့် ကျင်းပမည်ဖြစ်ရာ ပြည်သူများကလည်း နိုင်ငံသားတာဝန်ကျေပွန်စွာ မိမိတို့နှစ်သက်ရာ ကိုယ်စားလှယ်များ၊ ပါတီများကို မဲပေးရွေးချယ်ကြတော့မည်ဖြစ်ပါသည်။

> **အရည်အချင်းပြည့်ဝသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များကား အလွန်အရေးကြီးသည်ဟု ဆိုရပါမည်။ နိုင်ငံရေးကဏ္ဍသစ်တစ်ခုတွင် ဦးဆောင်ဦးရွက်ပြုနေသူများအဖြစ်မှတ်ယူပြီး မိမိတို့၏ မူဝါဒ၊ ကတိကဝတ်နှင့် နိုင်ငံသားများ၏ လိုလားချက်၊ တောင်းဆိုချက်များကို မေ့မသွားသင့်ပါ။ ယခုအချိန်၌ မိမိ၏ခံယူချက်များကို မဲဆန္ဒရှင်ပြည်သူများက ယုံကြည်လက်ခံလာအောင် ဖော်ထုတ်ထားပြီးဖြစ်၍ ဆောင်ရွက်မည့် Action plan များလည်း ရှိထားမည်ဟု ယုံကြည်ပါသည်။ နိုင်ငံအတွက်၊ ဤမြို့၊ ဤရွာ၊ ဤဒေသအတွက် ပြည်သူများ၏အသံကို နားထောင်ခွင့်၊ တင်ပြခွင့်၊ ဆွေးနွေးခွင့်ရသည့် ကိုယ်စားလှယ်များအဖြစ် အမှုထမ်းခွင့်ရသည်မှာ မည်မျှဂုဏ်ယူစရာ ကောင်းလိုက်ပါသလဲ။ ပြည်သူ့ကိုယ်စားလှယ်တစ်ဦးအဖြစ် မိမိကို ပြည်သူကရွေးချယ်လိုက်ခြင်းသည် ပြည်သူ့ကိုယ်စား ပြည်သူ့လိုအပ်ချက်ကို ဖော်ဆောင်ပေးရန်အတွက် သတ်မှတ်ပေးလိုက်ခြင်းပင်ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေဖြင့် ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့ဝင်ဖြစ်လာလျှင်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ပိုင်ခွင့်တစ်ခုတိုးလာခြင်းဟူ၍သာ ခံယူရန်ပင်ဖြစ်**

လွှတ်တော် ကိုယ်စားလှယ်လောင်းများကလည်း မဲပေးရွေးချယ်ခံရသည့်အခါ လွှတ်တော်တာဝန်၊ နိုင်ငံတာဝန်ကို ထမ်းရွက်ရန် အသင့်ဖြစ်နေကြမည်ဟု ယုံကြည်ပါသည်။ နိုင်ငံတော်ဘက်က လက်ရှိအနေအထားတွင် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ပေါ်လာရေး၊ သိက္ခာရှိရှိ နည်းလမ်းစနစ်တကျ မှန်မှန်ကန်ကန်ဖြင့် ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး၊ လွတ်လပ်မှုနှင့် တရားမျှတမှုကိုအခြေခံ၍ ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်ညီသော ရွေးကောက်ပွဲများဖြစ်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။

မဲပေးခွင့်ရှိသူအားလုံး မဲပေးနိုင်ရေး၊ မဲပေးခွင့် မဆုံးရှုံးစေရေး အရေးကြီးသည့်အတွက်လည်း မလစ်ဟင်းရအောင် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ထိုမှတစ်ဆင့် ရွေးကောက်ပွဲမှ အနိုင်ရလွှတ်တော်ကိုယ်စားလှယ်များက ရွေးချယ်ပေးလိုက်သော အစိုးရအဖွဲ့သို့နိုင်ငံတော်အာဏာကိုလွှဲပြောင်းပေးအပ်ရန် တာဝန်ကရှိနေသည်။ ထို့အတွက် အမျိုးသားရေးတာဝန်တစ်ရပ်နှယ် ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်ပါသည်။

## လွတ်လပ်ရေးနေ့ ဦးတည်ချက်များကို ထင်ဟပ်၍

ဤနေရာတွင် ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက်ရှိလာပြီဖြစ်သော လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဦးတည်ချက်များနှင့်တကွ တတိယအကြိမ် လွှတ်တော်များအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ၊ ရွေးကောက်ပွဲမှ အနိုင်ရလာမည့်ကိုယ်စားလှယ်များ၊ ထိုကိုယ်စားလှယ်များက ရွေးချယ်မည့်အစိုးရနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များသည် မည်မျှအရေးကြီးကြောင်း သိရှိထားရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ ယခုနှစ် လွတ်လပ်ရေးနေ့ဦးတည်ချက်(၄)ရပ်ကို ထင်ဟပ်ပြီး ပြည်သူတစ်ယောက်အနေဖြင့် မြင်ချင်၊ ဖြစ်ချင်သည်များ၊ တွေးစရာများနှင့် လိုလားချက်များ အစီအရီ ထွက်ပေါ်လာပါသည်။

မည်သည့်ကဏ္ဍများပါဝင်သော ဦးတည်ချက်များ ဖြစ်ပါသလဲ။ အစဉ်အဆက် အမျိုးသားရေးရည်မှန်းချက်နှင့် အမျိုးသားရေးတာဝန်ဖြစ်သည့် အရေးသုံးပါးသည် လုံးဝသတိပေ့ါ၊ မေ့လျော့၍မရသော တာဝန်များပါပဲ။ အရေးကြီးပါသည်။ တစ်ဆက်တည်း အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးတာဝန်၊ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်၏ အနှစ်သာရ၊ ထို့နောက်မှာမှ နိုင်ငံ့စီးပွားရေး၏ အဓိကကျောရိုးဖြစ်သော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များနှင့်တကွ အခြားစီးပွားရေးကဏ္ဍများကို အကောင်အထည်ဖော်ရန် ဦးတည်ချက်များသည် ထွက်ပေါ်လာမည့် Institution အဆောက်အအုံသစ်များ၌ တာဝန်ခံထမ်းရွက်ရမည့် လုပ်ငန်းများဖြစ်ပါသည်။

အထူးသဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်ပိုင်းနှင့်ထပ်တူ ထိုထိုတာဝန်များ ထိထိရောက်ရောက် ထမ်းရွက်နိုင်ရေး စောင့်ကြည့်တွန်းအားပေးမည့် နိုင်ငံသားများသည်လည်း ကိုယ့်အထာနှင့် ကိုယ့်တာဝန် ကိုယ်စီကျေပွန်ရန်အတွက် အသီးသီးသောတာဝန်များ Shared responsibility ရှိနေကြရမည်ကို သတိပြုရမည် ဖြစ်ပါသည်။

## နိုင်ငံသားများ၏တာဝန်

ဦးစွာ နိုင်ငံသားများ၏ တာဝန်ဖြစ်သည်။ ဒီမိုကရေစီကို လိုချင်လျှင် နိုင်ငံသားတိုင်း မဖြစ်မနေ ရွေးကောက်ပွဲကို ကြုံတွေ့ဖြတ်သန်းရမည်သာ။ သို့ဖြစ်၍ နိုင်ငံသားများ၏ နိုင်ငံရေးရေချိန်၊ ရင့်ကျက်မှုနှင့် ခံနိုင်ရည်ရှိမှု၊ ပညာတန်ဖိုးကို သိမြင်မှုအတိုင်းအတာသည် ပဓာနကျလှသည်။ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ပိုင်းခြားဝေဖန်စိစစ်နိုင်စွမ်း (Rational thinking)ရှိပြီး နိုင်ငံနှင့် ပြည်သူအကျိုး စဉ်ဆက်မပြတ် ထမ်းရွက်နိုင်မည့် ကိုယ်စားလှယ်များကို လွှတ်တော်ထဲအထိ၊ အစိုးရအဖွဲ့ဝင်ဖြစ်သည်အထိ လူမှန်၊ နေရာအမှန်မှာ အမှန်တကယ် အလုပ်လုပ်မည့်သူများကို ရွေးချယ်ပို့ဆောင်နိုင်စွမ်း ရှိရပါမည်။

ထူးချွန်ထက်မြက်ပြီး စေတနာပါမည့်သူလား၊ အစကောင်းသလို အနှောင်းသေချာမည့်သူလား၊ ဖြစ်သင့်သည်ကို ဖြစ်ရမည်။ ရွေးကောက်ပွဲတစ်ခုသည် ကိုယ်စားလှယ်၊ အစိုးရတစ်ရပ်၏ အရည်အသွေးကို တိုင်းတာရန် ပေတံတစ်ခုဖြစ်သလို နိုင်ငံသားတို့၏ တာဝန်ရှိမှုနှင့် အရည်အချင်းကို ဖော်ထုတ်နိုင်မည့် အခွင့်အလမ်းကောင်းတစ်ခုဖြစ်သည်ဆိုလျှင်လည်း မမှားပါ။

မည်သည့်အတွက်ကြောင့် အခွင့်အလမ်းကောင်းဟု ဆိုရပါသလဲ။ တာဝန်ကျရာ လွှတ်တော်များတွင် ဥပဒေပြုရမည့်တာဝန်၊ အပြန်အလှန်စောင့်ကြည့်ထိန်းညှိရမည့်တာဝန်နှင့် မိမိတို့မဲဆန္ဒရှင်များကို ကိုယ်စားပြုပေးရမည့် တာဝန်များသည် လွှတ်တော်ကိုယ်စားလှယ်များ၏အဓိကတာဝန်များ ဖြစ်နေသောကြောင့်ဆိုသည်ကို နားလည်ထားရန် လိုအပ်သည့်အတွက် ဖြစ်ပါသည်။

## ကိုယ်စားလှယ်များ၏ အဓိကတာဝန်

အရည်အချင်းပြည့်ဝသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များကား အလွန်အရေးကြီးသည်ဟု ဆိုရပါမည်။ နိုင်ငံရေးကဏ္ဍသစ်တစ်ခုတွင် ဦးဆောင်ဦးရွက်ပြုနေသူများအဖြစ် မှတ်ယူပြီး မိမိတို့၏ မူဝါဒ၊ ကတိကဝတ်နှင့် နိုင်ငံသားများ၏ လိုလားချက်၊ တောင်းဆိုချက်များကို မေ့မသွားသင့်ပါ။ ယခုအချိန်၌ မိမိ၏ခံယူချက်များကို မဲဆန္ဒရှင်ပြည်သူများက ယုံကြည်လက်ခံလာအောင် ဖော်ထုတ်ထားပြီးဖြစ်၍ ဆောင်ရွက်မည့် Action plan များလည်း ရှိထားမည်ဟု ယုံကြည်ပါသည်။ နိုင်ငံအတွက်၊ ဤမြို့၊ ဤရွာ၊ ဤဒေသအတွက် ပြည်သူများ၏အသံကို နားထောင်ခွင့်၊ တင်ပြခွင့်၊ ဆွေးနွေးခွင့်ရသည့် ကိုယ်စားလှယ်များအဖြစ် အမှုထမ်းခွင့်ရသည်မှာ မည်မျှဂုဏ်ယူစရာ ကောင်းလိုက်ပါသလဲ။ ပြည်သူ့ကိုယ်စားလှယ်တစ်ဦးအဖြစ် မိမိကို ပြည်သူက ရွေးချယ်လိုက်ခြင်းသည် ပြည်သူ့ကိုယ်စား ပြည်သူ့လိုအပ်ချက်ကို ဖော်ဆောင်ပေးရန်အတွက် သတ်မှတ်ပေးလိုက်ခြင်းပင် ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေဖြင့် ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့ဝင်ဖြစ်လာလျှင်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ပိုင်ခွင့်တစ်ခုတိုးလာခြင်းဟူ၍သာ ခံယူရန်ပင်ဖြစ်ပါသည်။

လွှတ်တော်များ၏ ဥပဒေပြုရေးအခန်းကဏ္ဍသည် စက်ဝန်းတစ်ခုနှယ် ကျယ်ဝန်းပါသည်။ ဥပဒေကြမ်းများအပေါ် ပြင်ဆင်ရန် စိစစ်၊ စဉ်းစား၊ သုံးသပ်၊ ဆွေးနွေး၊ ကြားနာ၊ အတည်ပြု၊ ပြဋ္ဌာန်းရခြင်းများ ပါဝင်သည်။ မဏ္ဍိုင်များအကြား အပြန်အလှန် စောင့်ကြည့်ထိန်းညှိခြင်းကို မေးခွန်းများမေးခြင်း၊ အဆိုတင်သွင်းခြင်းများဖြင့် ဆောင်ရွက်ကြရသည်။ သက်ဆိုင်ရာပုဂ္ဂိုလ် အဖွဲ့အစည်းများစွာနှင့် သိမ်မွေ့စွာ ထိတွေ့ဆက်ဆံ ညှိနှိုင်းကြရသည်။ ထိုသို့ဆောင်ရွက်ရာမှာ ကိုယ်စားလှယ်များအနေဖြင့် အခြေအနေနှင့် အချိန်အခါပေးသည့်အပေါ် မူတည်၍ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆွေးနွေးကြစေချင်သည်။ Secret voting ၌ လက်ကလေးနှိပ်ရုံ တာဝန်ကျေရုံမျှဖြင့် မပြီး၊ လေ့လာမှု အားကောင်းကောင်းဖြင့် နယ်ပယ်စုံတွင် ထိထိရောက်ရောက် ထောက်ပြဆွေးနွေးကြစေချင်ပါသည်။

## အမျိုးသားအကျိုးစီးပွား ပဓာန

ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်များသည် မိမိမဲဆန္ဒနယ်ရှိ ပြည်သူလူထုကိုလည်း ကိုယ်စားပြုရသည်။ သက်ဆိုင်ရာ မဲဆန္ဒနယ်တွင် မိမိကို ထောက်ခံသူရော မထောက်ခံသူကိုပါ ကိုယ်စားပြုရခြင်းဖြစ်သည်။ အများစုဆန္ဒကို ကိုယ်စားပြုသလို အနည်းစုဆန္ဒကိုလည်း လေးစားရသည်။ မိမိကို မထောက်ခံသူများ၏ လိုလားချက်များကိုလည်း စဉ်းစားပေးရမည်ဖြစ်သည်။ မိမိမဲဆန္ဒနယ်ကို ကိုယ်စားပြုရင်းဖြင့် တစ်နိုင်ငံလုံး အကျိုးစီးပွားကိုလည်း မျက်ခြည်မပြတ်သင့်ပါ။ တစ်နည်းအားဖြင့် မျိုးချစ်စိတ်အပေါ် အခြေခံသည့် အမျိုးသားအကျိုးစီးပွား (National interest) အပေါ် ခိုင်ခိုင်မာမာ ရပ်တည်ရမည်ဖြစ်သည်။ ယခုနှစ် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဦးတည်ချက်(၄)ရပ်သည်ပင် နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားဖြစ်နေသည်ကို သတိပြုရမည်ဖြစ်ပါသည်။

နိုင်ငံရေးအတွေးအခေါ်များနှင့်အတူ ကမ္ဘာ့ပထဝီနိုင်ငံရေး၊ စီးပွားရေးအသိအမြင်များ ၊ ပထဝီစီးပွားရေးအခြေအနေများကို အစဉ်မပြတ် လေ့လာသုံးသပ်ပြီး မိမိနိုင်ငံ အမျိုးသားအကျိုးစီးပွားအရေး၊ အမျိုးသားအရေးကို ဘယ်လိုအထောက်အကူပြုပေးကြမလဲ၊ အမျိုးသားအကျိုးစီးပွား ပျက်ပြားရာ အချက်အလက်များ တွေ့မြင်ကြားသိရလျှင် ဘယ်လိုဖော်ထုတ်ကာကွယ်တားဆီးကြမလဲ အမြဲတမ်း အသင့်ရှိနေရမည်ဖြစ်သည်။ **စာမျက်နှာ ၇ သို့** ■

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

**ရွေးကောက်ပွဲ ကျင်းပရန် ၅ ရက် သာ လိုတော့သည်။**

## ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့တွင် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး တွေ့ဆုံဆွေးနွေး

နောင်ချို ဒီဇင်ဘာ ၂၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ်(မြောက်ပိုင်း) တာဝန်ခံ ဦးမြင့်ဦးသည် ကျောက်မဲခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် ယနေ့နံနက်ပိုင်းတွင် ကျောက်မဲခရိုင် နောင်ချိုမြို့ မြို့နယ်စည်ပင်ခန်းမ၌ နောင်ချိုမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နောင်ချိုမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးဝန်ထမ်းများ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကျောက်မဲခရိုင် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး၊ နောင်ချိုမြို့နယ် ရွေးကောက်ပွဲကော်မရှင်အတွင်းရေးမှူး၊ ကျောက်မဲမြို့နယ်နှင့် သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူးတို့က မြို့နယ်အလိုက် ဆောင်ရွက်ထားရှိမှုအပေါ် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် နောင်ချိုမြို့နယ် ဘူတာရပ်ကွက်နှင့် တောင်ရပ်ကွက်တို့တွင် ကြိုတင်ဆန္ဒမဲပေးနေမှုကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လွိုင်လင်မြို့၌ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

လွိုင်လင် ဒီဇင်ဘာ ၂၂ ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့၌ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ



အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ပြည်သူများ မဲပေးနိုင်ရေးအတွက် လှုံ့ဆော်ရေး မြေစိုက်ပိုစတာ စိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းက ပြည်ထောင်စုလမ်းမကြီးဘေး မီးပွိုင့်အနီးတွင် ဆောင်ရွက်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဦးစွာ လွိုင်လင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကြည်မြင့်၊ လွိုင်လင်ခရိုင် ဒုတိယခရိုင်ရဲမှူး ဇော်နီချစ်၊ ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဥမ္မာအောင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မျိုးမျိုးသွယ်နှင့် ကုသရေးဦးစီးဌာန အထွေထွေရောဂါကုဆေးရုံ အုပ်ကြီး ဒေါက်တာအောင်မြင့်သူတို့က “ဒို့အတူတူမဲပေးကြမယ်၊ ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့” မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ပြည်ထောင်စု လမ်းမကြီး တစ်လျှောက်နှင့် လူစည်ကားရာ မြို့မဈေးရှိ ဈေးရောင်း၊ ဈေးဝယ် ပြည်သူများအား ဒို့အတူတူမဲပေး ကြမယ်၊ ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့၊ ဒီမိုကရေစီကို ပြန်လည်ဖော်ဆောင်ဖို့အတွက် ရွေးကောက်ပွဲမှလွဲ၍ အခြားနည်းမရှိပါ။ ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်ပါသည်၊ ဒီမိုကရေစီခိုင်မြဲဖို့ မဲရုံသွားပြီး မဲပေးကြပါစို့၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ ဦးဆောင်နိုင်သူရွေးချယ်စို့ စသည့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အယ်မင်း(ပြန်/ဆက်)**

> ❝လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေဖြင့် အာဏာထက် သိက္ခာ၊ နေရာထက် စေတနာ၊ ပါတီရေးထက် နိုင်ငံအရေးက ပိုအရေးကြီးသည်ဆိုသည့် ခံယူချက်မျိုးထားရှိခြင်းသည် ပြည်သူ့ကိုယ်စားလှယ်ဘဝကို ထဲထဲဝင်ဝင် ခံယူလိုက်ခြင်းမည်ပါသည်။ မိမိတို့၏ နေထိုင်ပြောဆိုပုံမှအစ စည်းကမ်းအရာ၊ ဥပဒေကို လေးစားလိုက်နာရာတွင် လူငယ်များအတွက်စံပြ (Role model)ပမာ ဖြစ်ရပါမည်။ မိမိတို့၏ အမူအကျင့်ကောင်းများကြောင့် လူငယ်များ လိုက်ပါပြောင်းလဲပြီး မျိုးဆက်အလိုက် ဘဝများတိုးတက်သွားခြင်းမျိုး မိဘပြည်သူများက မြင်ချင်ကြမှာပါ။ သို့မှသာ ပြည်သူ၏ယုံကြည်မှုကိုရရှိပြီး ပါတီနှင့် ရွေးချယ်ခံကိုယ်စားလှယ်များအပေါ် သံသယဖြစ်စရာ၊ အထင်သေးစရာ အကြောင်းများကို ဖယ်ရှားနိုင်မည်❞

■ စာမျက်နှာ ၆ မှ

သို့မှသာ နိုင်ငံတော်နှင့်နိုင်ငံသားအကျိုးပြု ပြည်သူ့ကိုယ်စားလှယ်အစစ်အမှန်များ (Statesmen) ဖြစ်နိုင်ပါမည်။

### ပြည်သူများ၏ မျှော်လင့်ချက်

**လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေဖြင့် အာဏာထက် သိက္ခာ၊ နေရာထက် စေတနာ၊ ပါတီရေးထက် နိုင်ငံအရေးက ပိုအရေးကြီးသည်ဆိုသည့် ခံယူချက်မျိုးထားရှိခြင်းသည် ပြည်သူ့ကိုယ်စားလှယ်ဘဝကို ထဲထဲဝင်ဝင် ခံယူလိုက်ခြင်းမည်ပါသည်။ မိမိတို့၏ နေထိုင်ပြောဆိုပုံမှအစ စည်းကမ်းအရာ၊ ဥပဒေကို လေးစားလိုက်နာရာတွင် လူငယ်များအတွက်စံပြ (Role model)ပမာ ဖြစ်ရပါမည်။ မိမိတို့၏ အမူအကျင့်ကောင်းများကြောင့် လူငယ်များလိုက်ပါပြောင်းလဲပြီး မျိုးဆက်အလိုက် ဘဝများ တိုးတက်သွားခြင်းမျိုး မိဘပြည်သူများက မြင်ချင်ကြမှာပါ။ သို့မှသာ ပြည်သူ၏ယုံကြည်မှုကို ရရှိပြီး ပါတီနှင့် ရွေးချယ်ခံ ကိုယ်စားလှယ်များအပေါ် သံသယဖြစ်စရာ၊ အထင်သေးစရာအကြောင်းများကို ဖယ်ရှားနိုင်မည်ဖြစ်ပါသည်။**

အနာဂတ်ကိုယ်စားလှယ်များသည် ငြိမ်းချမ်းရေးကို မဆန့်ကျင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်စွမ်းရှိမည်ဟု ယုံကြည်ထားပါသည်။ ခေတ်အဆက်ဆက် မခိုင်မြဲခဲ့သည့် ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်ရေးအတွက် ပြည်သူလူထုလိုချင်သည့် အာမခံချက်တစ်ခုကို ယခုအခင်းအကျင်းမှ ဖော်ဆောင်နိုင်မလားဟု များစွာမျှော်လင့်လျက်ရှိပါသည်။ **“ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးမှုဟူသည် ငြိမ်းချမ်းရေးနှင့်ဆက်စပ်နေသည်”**ဆိုသည့် သဘောတရားကို လက်ခံနိုင်လျှင် စည်းလုံးညီညွတ်ရေးကို မဖော်ဆောင်နိုင်စရာ အကြောင်းမရှိဟု မြင်ပါသည်။

အတိတ်ရွေးကောက်ပွဲကာလ အဖြစ်အပျက်များကို သင်ခန်းစာယူပြီး နောက်ဆက်တွဲ ဆိုးကျိုးများကို ဖန်တီးမည့် ကိုယ်စားလှယ်မျိုးများ မဖြစ်ရန်လည်း မျှော်လင့်ထားသည်။ နိုင်ငံနှင့် ပြည်သူကို ကိုယ်စားပြုနေသူများဖြစ်၍ နိုင်ငံတော်ကို ဆန့်ကျင်သည့် အဆိုးမြင်များကို ပယ်ဖျောက်နိုင်စွမ်းရှိရပါမည်။ တော်လှန်ရေးဆိုသည့် စကားလုံးများ နေရာတွင် ပြုပြင်ပြောင်းလဲရေးဆိုသည့် စကားလုံးများဖြင့် အစားထိုး၊ အဖျက်သဘောကို အပြုသဘောများဖြင့် ဖျောက်ဖျက်နိုင်စွမ်းရှိရပါမည်။ ရွေးချယ်ခံ တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များ၏ အမြင်၊ စကားသံများမှတစ်ဆင့် လူမျိုးကြီးဝါဒ၊ တိုင်းရင်းသားများကိုဖိနှိပ်၊ ချိုးနှိမ်ဆိုသော မဟုတ်မမှန်၊ အမနာပပြောဆိုမှုများလည်း အနာဂတ်တွင် တဖြည်းဖြည်း ပျောက်ကွယ်သွားနိုင်မည်ဟု မျှော်လင့်မိပါသည်။

အချုပ်အားဖြင့် ဘာပဲလုပ်လုပ် စေတနာနှင့် အရည်အချင်းကို အဓိကထားလျှင် အောင်မြင်သည်သာဖြစ်သည်။ ထိုစေတနာနှင့် အရည်အချင်းကို အခြေခံသော စွမ်းဆောင်ရည်များဖြင့်သာ ရွေးကောက်ပွဲများသည် စစ်မှန်ကြောင်း၊ တရားမျှတမှုရှိကြောင်းကို သက်သေပြနိုင်မည်ဖြစ်၍ ကျွန်တော်တို့အားလုံး တက်ညီလက်ညီ ကြိုးစားပြသရန် လိုနေပါသည်။ ထို့ကြောင့် ပြည်သူများက ရွေးကောက်ပွဲအနိုင်ရပါတီမှ ဦးဆောင်ဖြစ်ပေါ်လာမည့် ခံယူချက်မှန်ပြီး အရည်အချင်းရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်အသစ်နှင့် အစိုးရသစ်ကို များစွာမျှော်လင့်ချက်ထားနေခြင်းဖြစ်ပါသည်။ ရွေးကောက်ပွဲနှင့် တကွ ရွေးကောက်ပွဲအလွန်ကာလ အကူးအပြောင်းနှင့် စစ်မှန်သော အသစ်အသစ်များကို အလွန်စိတ်ဝင်စားနေကြပါသည်။ ထို့ကြောင့် လွှတ်တော်များကို အသက်ဝင်အောင် လုပ်ကြရတော့မည်။ ဖွံ့ဖြိုးရေးအမြင် (Development thinking) ဖြင့် နိုင်ငံတည်ဆောက်ရေးကို အရှိန်အဟုန်ဖြင့် တွန်းတင်ကြရပါတော့မည်ဖြစ်ပါကြောင်း။ ။

# စမ်းချောင်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ကို One Stop Service ဖြင့် ဆောင်ရွက်ပေး



**နေပြည်တော် ဒီဇင်ဘာ ၂၂**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ဝန်ထမ်းများက အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားပျက်စီး/ ပျောက်ဆုံးသွားသည့် ဒေသခံပြည်သူများနှင့် အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် မလျှောက်ထားသေးသူများကို ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ဝန်ထမ်းများက ဒေသခံပြည်သူများကို ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်၍ One Stop Service ဖြင့် လုပ်ငန်းစဉ် အဆင့်ဆင့်ဆောင်ရွက်နေမှုနှင့် နိုင်ငံသားစိစစ်ရေးကတ်ရရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ Unique ID နံပါတ်တစ်ပါတည်း ဆောင်ရွက်ထုတ်ပေးနေမှုအခြေအနေကို လှည့်လည်ကြည့်ရှု အားပေးသည်။

**ညှိနှိုင်းဆောင်ရွက်ပေး**

ယင်းနောက် မြို့နယ်ရုံး၏ ရုံးခန်းများအတွင်း ရုံးစာရွက်စာတမ်းများနှင့် ရုံးသုံးပစ္စည်းများ ထိန်းသိမ်းထားရှိမှု၊ မှတ်တမ်းခန်းအတွင်း ကိုယ်ရေးမှတ်တမ်းများ စနစ်တကျ ထိန်းသိမ်းထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စာရွက်စာတမ်းနှင့် စက်ပစ္စည်းကိရိယာများ လုံခြုံမှုရှိစေရေး၊ မဲပေးပိုင်ခွင့်ရှိသူတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် အလေးထားဆောင်ရွက်ကြရန် မှာကြားပြီး တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် အလုံခရိုင် ဦးစီးမှူးရုံးအတွင်း ဝန်ထမ်းများ ရုံးလုပ်ငန်းဆောင်ရွက်နေမှုနှင့် ရုံးစာရွက်စာတမ်းများ ထိန်းသိမ်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများ အချိန်မီပြီးစီးအောင်မြင်စေရန် ဆက်စပ် ဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေး၊ လုံခြုံရေးအသိ၊ လုံခြုံရေးသတိ အမြဲရှိစေရေး မှာကြားသည်။

ထို့နောက် ခရိုင်နှင့်မြို့နယ်ရုံး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ Naypyitaw State Academy ၌ ကျင်းပသည့် လူငယ်စကားဝိုင်း တက်ရောက်



**နေပြည်တော် ဒီဇင်ဘာ ၂၂**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် Naypyitaw State Academy ရှိ Function Hall ခန်းမ၌ ကျင်းပသည်။

စကားဝိုင်းသို့ နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများ၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာများ၊ Naypyitaw State Academy ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံတော်အနေဖြင့်လူငယ်ကဏ္ဍကိုအထူးအလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်ဖိုရမ်-၂၀၂၅ ကို တစ်နိုင်ငံလုံးရှိ လူငယ်ကိုယ်စားလှယ်များနှင့် ကျင်းပပေးခဲ့ပြီး လာမည့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်ကိုယ်စားလှယ်များ၊ နေပြည်တော်ရှိ တက္ကသိုလ်များတွင် ပညာသင်ကြားနေသည့် လူငယ်ကိုယ်စားလှယ်များ ပါဝင်မည့် ငြိမ်းချမ်းရေးလူငယ်မဟာဖိုရမ်ကိုလည်း ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိဘဝ တိုးတက်မြင့်မားလာစေရန် လက်ရှိတက္ကသိုလ် ကျောင်းသား ကျောင်းသူဘဝကို တန်ဖိုးထားပြီး သင်ကြားနေသည့် ဘာသာရပ်ကို ဘွဲ့ရရုံမဟုတ်ဘဲ ကျယ်ကျယ်ပြန့်ပြန့် လေ့လာရှာဖွေသင်ယူကာ နိုင်ငံတကာဗဟုသုတများ၊ အချိန်နှင့်တစ်ပြေးညီ ဖြစ်ပေါ်နေသည့် ကမ္ဘာ့နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး ကိစ္စရပ်များကို အချိန်နှင့်တစ်ပြေးညီသိရှိနေရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက Naypyitaw State Academy အတွက် ထောက်ပံ့ငွေများနှင့် လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ယင်းနောက် ဒုတိယဝန်ကြီးက အမှာစကား ပြောကြားပြီး Naypyitaw State Academy အတွက် အားကစားပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ ဆွေးနွေးသူလူငယ်များက "ယနေ့ခေတ်လူငယ်နှင့် Vape သုံးစွဲမှုအန္တရာယ်" ခေါင်းစဉ်ဖြင့် အသိပညာပေး ဆွေးနွေးခြင်း၊ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းခြင်းနှင့် ဆွေးနွေးပွဲတွင် ပါဝင်သူများက ပြန်လည်ဖြေကြားပေးခြင်းတို့ကို ဆောင်ရွက်ကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုလက်ဆောင်များ ပေးအပ်ကာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးလိုက်လံတွေ့ဆုံ နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

# တာမွေမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၏ စီစဉ်မှုဖြင့် ယနေ့မွန်းလွဲပိုင်းက ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲ အခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို တာမွေမြို့နယ်ရှိ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း မြတ်ပန်းသဇင်ခန်းမ၌ ကျင်းပသည်။



ဦးစွာ တာမွေမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်းက အမှာစကား ပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်စပယ်အောင်က တည်ဆဲ အခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာ သိသင့် သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသူများက အခွန်ဆိုင်ရာများနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

**နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေဖို့ မဲပေးကြပါစို့**

# ဘားအံမြို့နယ်၌ အမျိုးသမီးများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ခရိုင်အဆင့် အသိပညာပေးသင်တန်းဖွင့်

**ဘားအံ ဒီဇင်ဘာ ၂၂**

ကရင်ပြည်နယ် ဘားအံမြို့နယ်၌ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ အမျိုးသမီးများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ခရိုင်အဆင့် သင်တန်း ၂/၂၀၂၅ ကို ဘားအံမြို့နယ် လှာကဒေါင်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ယနေ့နံနက် ၉ နာရီက ဖွင့်လှစ်သည်။

ဦးစွာ ကရင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာနည်ဝင်းက အမှာစကားပြောကြားပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနက ရေဝပ်ဒေသများ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု အခြေခံသဘောတရားနှင့် မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျှော့ချရေး အကြောင်း၊ ခရိုင် သစ်တောဦးစီးဌာနက သစ်တောသစ်ပင်များ ထိန်းသိမ်းရေးနှင့် တောမီးကာကွယ်ရေး အကြောင်း၊ ခရိုင်မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ်အကြောင်း ဘာသာရပ်များကို ဆွေးနွေးပို့ချခဲ့ရာ သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

# ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ပြည်သူလူထုသိရှိလိုက်နာဆောင်ရွက်နိုင်ရန် သတင်းထုတ်ပြန်ကြေညာချက်

(၂၂-၁၂-၂၀၂၅)

၁။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ကမ္ဘာလုံးဆိုင်ရာ ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှု အစီရင်ခံစာအရ ၂၀၂၅ ခုနှစ် ဆောင်းရာသီဖြစ်သည့် စက်တင်ဘာလမှစတင်၍ ရာသီတုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့်သော်လည်းကောင်း၊ အာရှဒေသအပါအဝင် ကမ္ဘာ့ဒေသများတွင်သော်လည်းကောင်း မြင့်တက်လျက်ရှိကြောင်း၊ သို့ရာတွင် နှစ်စဉ်ရာသီတုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုများထက် ပိုမို၍ကူးစက်ဖြစ်ပွားခြင်းမရှိကြောင်း၊ ယခုနှစ်တွင် ကမ္ဘာ့ဒေသအသီးသီး၌ Influenza A (H3N2) ရာသီတုပ်ကွေးရောဂါပိုးသည် အဓိကကူးစက်ဖြစ်ပွားသည့် ရာသီတုပ်ကွေးရောဂါပိုးအမျိုးအစားဖြစ်ပြီး Influenza A (H3N2) Subclade K ရောဂါပိုး ကူးစက်မှုအားလည်း လွန်ခဲ့သော(၆)လအတွင်း ကမ္ဘာ့နိုင်ငံ(၃၄)နိုင်ငံတွင် တွေ့ရှိခဲ့ကြောင်း၊ ၎င်းရောဂါပိုးများအား လက်ရှိထိုးနှံနေသည့် တုပ်ကွေးရောဂါကာကွယ်ဆေးများဖြင့်လည်း ကာကွယ်၍ရနိုင်ကြောင်းနှင့် ပြင်းထန်ရောဂါဖြစ်ပွားလာပါက လက်ရှိအသုံးပြုနေသော ဆေးဝါးများဖြင့် ကုသမှုပေးနိုင်ကြောင်း ဖော်ပြထားရှိပါသည်။

၂။ ကျန်းမာရေးဝန်ကြီးဌာနသည် တုပ်ကွေးရောဂါအပါအဝင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများဖြစ်ပွားမှုအား စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။ ထိုသို့ ရောဂါစောင့်ကြပ်ကြည့်ရှုမှုသတင်းအချက်အလက်များအရ Influenza A H3N2 အမျိုးအစား ရာသီတုပ်ကွေးရောဂါပိုးသည် ယခင်နှစ်များကပင် မြန်မာနိုင်ငံ၌ကူးစက်ဖြစ်ပွားခဲ့ပြီး ယခုနှစ်စက်တင်ဘာလမှစတင်၍လည်း အဓိကကူးစက်ဖြစ်ပွားသည့် ရာသီတုပ်ကွေးရောဂါပိုးအမျိုးအစားဖြစ်ကြောင်းနှင့် Influenza A (H3N2) Subclade K ရောဂါပိုးကိုမူ ဓာတ်ခွဲစစ်ဆေးမှုများအရ မြန်မာနိုင်ငံတွင် မတွေ့ရှိသေးသော်လည်း လူထုအတွင်း Influenza A (H3N2) ရောဂါပိုးကို ကာကွယ်နိုင်မည့် ကိုယ်ခံစွမ်းအား အသင့်အတင့်ရှိနေမည်ဖြစ်ခြင်း၊ လက်ရှိအသုံးပြုနေသည့် တုပ်ကွေးရောဂါကာကွယ်ဆေးများနှင့် ကုသသည့်ဆေးဝါးများဖြင့်လည်း ကာကွယ်ကုသနိုင်ခြင်းတို့ကြောင့် ပြည်သူလူထုအနေဖြင့် အထူးစိုးရိမ်ရန်မလိုကြောင်း သုံးသပ်ပါသည်။

၃။ ရာသီတုပ်ကွေးရောဂါပိုးသည် အသက်အရွယ်မရွေး ကူးစက်ဖြစ်ပွားနိုင်ပြီး ကလေးငယ်များ၊ အသက်အရွယ်ကြီးရင့်သူများ၊ ကိုယ်ခံအားစနစ်ကျဆင်းနေသူများ၊ ဆီးချိုသွေးချိုရောဂါ၊ နှလုံးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ ကင်ဆာရောဂါနှင့် အာရုံကြောရောဂါကဲ့သို့သော နာတာရှည်ရောဂါအခံရှိသူများနှင့် ကိုယ်ဝန်ဆောင်များတွင် ရောဂါကူးစက်ဖြစ်ပွားပါက ရောဂါပိုမိုပြင်းထန်နိုင်ခြေရှိပါသည်။ ရာသီတုပ်ကွေးရောဂါပိုးသည် ချောင်းဆိုးခြင်း၊ နှာချေခြင်းမှ ထွက်ရှိသည့် အစက်အမှုန်များမှတစ်ဆင့်ကူးစက်ခြင်း (Droplet transmission)၊ ရောဂါကူးစက်ခံစားနေရသူနှင့်ထိတွေ့ခြင်း သို့မဟုတ် လက်ဆွဲနှုတ်ဆက်ခြင်း အစရှိသော အနီးကပ်ထိတွေ့ခြင်း၊ ရောဂါပိုးကပ်ငြိနေသည့် အရာဝတ္ထုအသုံးအဆောင်ပစ္စည်းများနှင့် မျက်နှာပြင်များမှတစ်ဆင့် ပါးစပ်၊ နှာခေါင်း၊ မျက်စိတို့အား ထိတွေ့ခြင်းတို့မှ ကူးစက်နိုင်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ရာသီတုပ်ကွေးရောဂါပိုးကဲ့သို့သော လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ကူးစက်မခံရစေရေး အောက်ဖော်ပြပါ ရောဂါကာကွယ်နိုင်သည့်နည်းလမ်းများအား လိုက်နာခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန် တိုက်တွန်းအပ်ပါသည် -

(က) ဆပ်ပြာ၊ ရေ သို့မဟုတ် ရေမလိုလက်သန့်ဆေးရည်ဖြင့် စနစ်တကျလက်ဆေးခြင်း၊

(ခ) ရောဂါပိုးကူးစက်ခြင်းခံရသူ သို့မဟုတ် သံသယလူနာများနှင့် ခပ်ခွာခွာနေခြင်း၊

(ဂ) ဖျားနာခြင်းအစရှိသော သံသယလက္ခဏာရှိသူများအနေဖြင့် နှာချေချောင်းဆိုးခြင်း ခံစားနေရပါက ပါးစပ်နှာခေါင်းစည်း ဝတ်ဆင်ခြင်း။

ကျန်းမာရေးဝန်ကြီးဌာန

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၇ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၂၂-၁၂-၂၀၂၅)ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၁၄-၁၂-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၁-၁၂-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃၇)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာ အခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန

(Myanmar CDC)

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား လစဉ်ကျန်းမာရေးစောင့်ရှောက်မှုပေး

**ပြည် ဒီဇင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား လစဉ် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်မြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ (၃၇)ကြိမ်မြောက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား စမ်းသပ်စစ်ဆေးကုသပေးနေမှု၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ပရဟိတ အဖွဲ့အစည်းများမှ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားကာ စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးနှင့် ဆေးဝါးလိုအပ်ချက်မရှိစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသူများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် တစ်ဦးလျှင်စားသုံးဆီ တစ်ပိဿာနှင့် သီးခြားချီးမြှင့်ငွေများ ပေးအပ်ပြီး ကျောက်ကပ်သွေးသန့်စင်ဌာနကို ကြည့်ရှုကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်းမှ မြို့နယ် ၂၈ မြို့နယ်ရှိ ပြည်သူ့ ဆေးရုံကြီးများတွင် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား လစဉ် ကျန်းမာရေးစောင့်ရှောက်မှု စစ်ဆေးပေးခြင်း၊ လူနာတစ်ဦးလျှင် အခမဲ့ဆေးဝါး တစ်လစာ လစဉ် ထောက်ပံ့ပေးခြင်း၊ ကာကွယ်ဆေးထိုးပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**



# လှိုင်ကော်မြို့၌ ပြည်သူလူထုအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး(HPV) ထိုးနှံပေး

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ကယားပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အသက် ၉ နှစ်ပြည့်ပြီး ၁၂ နှစ်မကျော်သော မိန်းကလေးငယ်များအား ပြည်သူလူထုအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး(HPV) ထိုးနှံခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် လှိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကာကွယ်ဆေးထိုးနှံပေးနေမှု အခြေအနေကို ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုအားပေးသည်။

**ကြည့်ရှုအားပေး**

ဦးစွာ ကျန်းမာရေးဝန်ထမ်းများ၏ သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးထိုးနှံပေးရန် ပြင်ဆင်နေမှုနှင့် မိန်းကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးနေမှုများကို ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားကာ အာဟာရဖြည့်စွက်စာများ ပေးအပ်သည်။

အဆိုပါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို သက်ဆိုင်ရာဒေသန္တရဆေးခန်းများ၊ ရပ်ကွက်ဆေးထိုးစုရပ်များတွင် ဒီဇင်ဘာ ၂၂ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပြီး ယနေ့တွင် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး (HPV) လာရောက်ထိုးနှံသူ ၁၆၃ ဦးရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ စာပြန်သံဃာများအား ဒုတိယဝန်ကြီးဦးအေးထွန်း ဖူးမြော်ကြည်ညို

ရန်ကုန် ဒီဇင်ဘာ ၂၂

(၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပလျက်ရှိရာ အာဂုံပြန်ဆိုတော်မူကြသော စာပြန်သံဃာတော်တို့အား သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအေးထွန်းနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် ဖူးမြော်ကြည်ညိုပြီး တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒ စရိယဆရာတော်ကြီးများ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၊ စာထောက်စာမ ဆရာတော်များအား နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

(၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ၂၁ရက်မှ ၂၀၂၆ခုနှစ် ဇန်နဝါရီ ၂၂ ရက်အထိ (၃၃)ရက်တိုင် ကျင်းပသွားမည်ဖြစ်ပြီး စာပြန်/စာဖြေသံဃာ ၅၂၆ ပါး ဝင်ရောက်ပြန်ဆို/ဖြေဆိုမည်ဖြစ်ကာ ယနေ့တွင် အဘိဓမ္မာ(ဒုတိယပိုင်း) စာပြန်သံဃာတစ်ပါး၊ အဘိဓမ္မာ(ပထမပိုင်း) စာပြန်သံဃာလေးပါး၊ ဒီဃနိကာယ်စာပြန်သံဃာတစ်ပါး၊ ဝိနည်း(ဒုတိယပိုင်း) စာပြန်သံဃာ ၄၀၊ ဝိနည်း(ပထမပိုင်း) စာပြန်သံဃာ ၃၅ ပါး စုစုပေါင်း ၈၁ ပါး အာဂုံပြန်ဆိုလျက်ရှိကြောင်း သိရသည်။

အာဂုံပြန်ဆိုချိန် တစ်ရက်လျှင် နံနက်၈နာရီမှ ၁၀နာရီအထိ လေးကြိမ်၊ မွန်းလွဲ ၁နာရီမှ ၄နာရီအထိ ငါးကြိမ် စုစုပေါင်း ကိုးကြိမ်ဖြင့် ၁၈ ရက် အာဂုံပြန်ဆိုရပြီး သဘောရေးဖြေ စာမေးပွဲကို မွန်းလွဲ ၁၂ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ငါးရက်ဖြေဆိုရကြောင်း၊ အာဂုံပြန်ဆိုရာတွင် အထစ်အငေါ့မရှိ ထူးကဲစွာပြန်ဆိုနိုင်လျှင် ဝိသိဋ္ဌဝိနယဓရ၊ ဝိသိဋ္ဌဒီဃဘာဏက နှင့် ဝိသိဋ္ဌအာဘိဓမ္မိကဘွဲ့၊ သဘောရေးဖြေတွင် သတ်မှတ်အောင်မှတ်နှင့်အထက်ရရှိပါက မဟာဝိနယကောဝိဒ၊ မဟာဒီဃနိကာယ ကောဝိဒနှင့် မဟာအဘိဓမ္မကောဝိဒဘွဲ့ကို ခံယူရရှိတော်မူပြီး "တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက" ဘွဲ့တံဆိပ်တော်ကို အနည်းဆုံးငါးနှစ်သက်တမ်း ပြည့်မြောက်လျှင် ဆက်ကပ်ကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး တစ်တပ်တစ်အား အထောက်အကူပြုနိုင်သည့် လူငယ်အင်ဂျင်နီယာကောင်းများဖြစ်စေရေး အလေးထားကြိုးပမ်း

နေပြည်တော် ဒီဇင်ဘာ ၂၂

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်နှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ နည်းပညာတက္ကသိုလ် (မှော်ဘီ)သို့ ရောက်ရှိပြီး တက္ကသိုလ် ပရိဝုဏ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် အင်ဂျင်နီယာ ဘာသာရပ်များအလိုက် မောင်မယ်သစ်လွင် ကြိုဆိုပွဲများတွင် ဖျော်ဖြေနိုင်ရန်အတွက် အကများလေ့ကျင့်လျက်ရှိကြသော ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးသည်။

ထို့နောက် ကျောင်းသားအဆောင်နှင့်ကျောင်းသူအဆောင်များသို့ သွားရောက် တွေ့ဆုံနှုတ်ဆက်ပြီး ဒုတိယဝန်ကြီးက အနာဂတ်နိုင်ငံ့တာဝန်ကို ပခုံးပြောင်း ထမ်းဆောင်ကြမည့်သူများဖြစ်၍ ကျောင်းသားဘဝ တန်ဖိုးရှိသော အားလပ်ချိန်များ၌ လက်ကိုင်ဖုန်းများ သုံးစွဲကာ ကုန်ဆုံးစေမည့်အစား ဝါသနာတူရာ အဖွဲ့လိုက် စာပေလေ့လာမှုများ၊ အနုပညာနှင့် အားကစားလှုပ်ရှားမှုများ ဆောင်ရွက်သွားရန်၊ အင်ဂျင်နီယာပညာဒဿနအမြင်၊ စဉ်းစားဆင်ခြင်မှု၊ လေ့လာဆန်းစစ်တွေးခေါ်မှု၊ ကျင့်ဝတ်လိုက်နာမှုနှင့် အင်ဂျင်နီယာအရည်အချင်းများ ပြည့်ဝစေရန်၊ ဗလငါးတန်နှင့်ပြည့်စုံရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊ ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး တစ်တပ်တစ်အား အထောက်အကူပြုနိုင်သည့် လူငယ်အင်ဂျင်နီယာကောင်းများဖြစ်စေရေး အလေးထား ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားကာ ကျောင်းသား ကျောင်းသူများအား အားကစား ပစ္စည်းများ၊ သုတ/ရသ စာအုပ်များ ပေးအပ်သည်။

ယင်းနောက် အင်ဂျင်နီယာဌာနများအလိုက် လက်တွေ့ခန်းများ၊ အလုပ်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ ကျောင်းသားအဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်၊ တက္ကသိုလ် Master Plan အတိုင်းဆောင်ရွက်ပြီးစီးမှု၊ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# မိတ္ထီလာတက္ကသိုလ်၌ အမျိုးသမီး၊ အမျိုးသား ဘော်လီဘောပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

မိတ္ထီလာ ဒီဇင်ဘာ ၂၂

မိတ္ထီလာတက္ကသိုလ် ဘာသာရပ်ပေါင်းစုံအမျိုးသမီး၊ အမျိုးသား ဘော်လီဘောပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါတက္ကသိုလ် အားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာပြိုင်ပွဲ၏နောက်ဆုံးပွဲစဉ်ဖြစ်သော အမျိုးသားဘော်လီဘောပြိုင်ပွဲဗိုလ်လုပွဲကိုကျင်းပရာ ရူပဗေဒအသင်းက ပထဝီဝင်အသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိသည်။ ထို့နောက်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နေရာအလိုက် အကောင်းဆုံးကစားသမားဆုရရှိသူများနှင့် ပွဲစဉ်တစ်လျှောက်အကောင်းဆုံး ကစားသမားဆုရရှိသူများ၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရ ဓာတုဗေဒအသင်း၊ ဒုတိယဆုရ အရှေ့တိုင်းပညာအသင်း၊ တတိယဆုရ ရူပဗေဒအသင်း၊ အမျိုးသားဘောလီဘောပြိုင်ပွဲတွင် ပထမဆုရ ရူပဗေဒအသင်း၊ ဒုတိယဆုရ ပထဝီဝင်အသင်း၊ တတိယဆုရသင်္ချာအသင်းတို့အား သက်ဆိုင်ရာဆုများနှင့် တံခွန်စိုက်ဒိုင်းဆုများကို ပါမောက္ခချုပ်ဒေါက်တာဘဟန်၊ ဒုတိယပါမောက္ခချုပ်ဒေါက်တာနေအောင်၊ ဒုတိယပါမောက္ခချုပ်ဒေါက်တာကျော်လင်းနှင့်တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ချမ်းသာ ( မိတ္ထီလာ)**





**မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်အတွင်း မီးလောင်မှု မီးလန့်မှုများ မဖြစ်ပွား မပေါ်ပေါက်စေရေး မြို့နယ်မီးသတ်ဦးစီးမှူး ဦးထက်ဇော်မင်း ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၁ ရက်က မဲရုံများပတ်ဝန်းကျင်ရှိ လူနေအိမ်များ၊ ဈေးဆိုင်ခန်းများနှင့် စီးပွားရေးလုပ်ငန်းများအား တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်စဉ်။** မျိုးသိန်း(ပြန်/ဆက်)

# သာစည်မြို့နယ်၌ သာဂရ-သုံးပတ်လည်-အလယ်ကန် လမ်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

သာစည် ဒီဇင်ဘာ ၂၂

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်သော သာဂရ-သုံးပတ်လည်-အလယ်ကန်လမ်း မြေသားတာပေါင်တင်၍ ဂျင်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို တာဝန်ရှိသူများက ဒီဇင်ဘာ ၂၂ ရက်တွင် ကြည့်ရှုစစ်ဆေးသည်။

ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်



တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေကျပ် ၈၃ ဒသမ ၈၂၈ သန်းဖြင့် သာဂရ-သုံးပတ်လည်-အလယ်ကန်လမ်း လမ်းအရှည် သုည ဒသမ ၈၂၂ကီလိုမီတာအား မြေသားတာပေါင်တင်၍ ဂျင်းခင်းခြင်းလုပ်ငန်းများကို သာစည်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပြီး အဆိုပါလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ဒေါ်နှင်းနှင်းအိလှိုင်နှင့် မြို့နယ်တာဝန်ခံတို့က ကွင်းဆင်းစစ်ဆေးခဲ့ပြီး ကျန်လမ်းပိုင်းများအား လာမည့်ဘဏ္ဍာရေးနှစ်များတွင် ဆက်လက်လျာထားဆောင်ရွက်သွားရန် မှာကြားသည်။

သာဂရ-သုံးပတ်လည်-အလယ်ကန်လမ်းသည် ရန်ကုန်-တောင်ငူ-မန္တလေးလမ်း၊ ခရိုင်ချင်းဆက်(၂)လမ်းတို့ဖြင့် ချိတ်ဆက်သွားလာနိုင်သော အဓိကကျသောလမ်းဖြစ်ပြီး အဆိုပါဒေသရှိ ကျေးရွာငါးရွာမှ ဒေသခံပြည်သူများအတွက် သွားလာရေးအဆင်ပြေချောမွေ့လာမည်ဖြစ်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပျက်စီးခဲ့သည့် ဧရာဝတီတံတား(ရတနာသိခ်)၏ မှတ်တမ်းဓာတ်ပုံ။



PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးပြီး မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဧရာဝတီတံတား(ရတနာသိခ်)အား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။

★ ကျောဖုံးမှ

လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုတို့အတွက် အဓိကအရေးပါသည့် ဧရာဝတီတံတား(ရတနာသိခ်)ကိုလည်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် တံတား၏ ရေလယ်တိုင်များဖြစ်သည့် တိုင်အမှတ် RP4 နှင့် RP5 တို့အကြားတွင် လည်းကောင်း၊ RP6–A2 ချဉ်းကပ်လမ်းနေရာတို့တွင်လည်းကောင်း ကျိုးကျပျက်စီးခဲ့သဖြင့် မော်တော်ယာဉ်များနှင့် ခရီးသွားပြည်သူများ ဖြတ်သန်းသွားလာနိုင်ခြင်းမရှိတော့ဘဲ ကုန်စည်စီးဆင်းမှုများ ရပ်တန့်ခဲ့ရသည်။

ထို့ကြောင့် ခရီးသွားပြည်သူများ ပြန်လည်သွားလာနိုင်ရေး၊ ဒေသတွင်း ကုန်စည်စီးဆင်းမှု ပြန်လည်လည်ပတ်နိုင်ရေး တံတားပြုပြင်ခြင်းလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်နိုင်ရေးတို့အတွက် အဆိုပါ တံတားနေရာတစ်ဝိုက်အား တပ်မတော်စစ်ကြောင်းများက လိုအပ်သည့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ခေတ္တစိုးမိုးထားသည့် အဆိုပါ ဧရာဝတီတံတား(ရတနာသိခ်)နှင့် ယင်းနေရာတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ တပ်မတော်စစ်ကြောင်းများက အဆိုပါနေရာတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့်အတွက် ဧရာဝတီတံတား(ရတနာသိခ်)အား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ အမြန်ဆုံး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကာ တံတား ပြန်လည်ပြုပြင်ပြီးစီးပါက ဒေသအတွင်း ကုန်စည်ကူးသန်းရေးနှင့် လမ်းပန်းဆက်သွယ်ရေးများ ပြန်လည်ကောင်းမွန်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြန်လည်လုပ်ဆောင်နိုင်မည် ဖြစ်သည့်အတွက် ပြည်သူများက ဝမ်းမြောက်လျက်ရှိကြောင်း သိရှိရပြီး တပ်မတော်စစ်ကြောင်းများက လိုအပ်သည့် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၂၂**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်သည် ယမန်နေ့က ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ(ရန်ကုန်) အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ဝန်ထမ်းများအားလုံး နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့် အညီ လုပ်ကိုင်ဆောင်ရွက်ကြရန်၊ လာမည့်အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန်၊ နိုင်ငံသားတာဝန်ကျေပွန်စေရေး မဲရုံသို့ မပျက်မကွက်သွားရောက် ဆန္ဒမဲပေးကြရန်၊ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) အဆင့်မြှင့်တင်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအား ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများ၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးနှင့် ဝင်ငွေပိုမိုတိုးတက်ရရှိရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)မှ ညွှန်ကြားရေးမှူး ဦးပြေဟိန်းနိုင်က ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)၏ ၂၀၂၅ ခုနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ ဝင်ငွေလျာထားချက်ပေါ် ၈၅ ဒသမ ၂၈ ရာခိုင်နှုန်းကောက်ခံရရှိမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ



(ရန်ကုန်)အတွင်း မြေယာရှုခင်းနှင့် ပန်းအလှစိုက်ပျိုးခြင်း တင်ဒါလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆိပ်ခံဗေဒတံတား သောင်တူးခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ရိုးရာအိမ်များနှင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေပိတောက်ငါးဈေးကြီးမှ တစ်ရက်လျှင် ရေချိုထွက်ကုန် ပိဿာချိန် သုံးသိန်းခန့် ကုန်စည်စီးဆင်း

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ရန်ကုန်မြို့ရှိ မြို့နယ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ရေထွက်ကုန်များ အဓိကဖြန့်ဖြူးတင်ပို့ရာ ရန်ကုန်မြို့ လှိုင်မြို့နယ် ရွှေပိတောက်ငါးဈေးကြီးမှ တစ်ရက်လျှင်ပျမ်းမျှအားဖြင့် ရေချိုထွက်ကုန် ပိဿာချိန် သုံးသိန်းခန့် ကုန်စည်စီးဆင်းလျက်ရှိကြောင်း ရွှေပိတောက် ဈေးသာယာရေးအဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးရှိ လူဦးရေ ၇ သန်းခန့် ရေချိုထွက်ကုန် စားသုံးနိုင်ရန်နှင့် ကျန်သောဒေသများမှ ပြည်သူများ စားသုံးနိုင်ရန် နေ့စဉ် ရွှေပိတောက်ငါးဈေးကြီးနှင့် ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးတို့မှ ရေထွက်ကုန်များကို ဖြန့်ဖြူးပေးလျက်ရှိရာ ယခုဆောင်းရာသီ၌ ရွှေပိတောက်ငါးဈေးကြီးမှ တစ်ရက်လျှင် ရေချိုထွက်ကုန်ပိဿာချိန် သုံးသိန်းခန့်နှင့်အတူ ရေငန်ထွက်ကုန်ပိဿာချိန် တစ်သိန်းခွဲအထိ ကုန်စည်စီးဆင်းလျက်ရှိသည်။

“ပြီးခဲ့တဲ့လတွေမှာ ရေချိုကုန်အဝင်နည်းခဲ့ပေမယ့် နိုဝင်ဘာလဆန်းကစပြီး ကုန်အဝင်မှန်လာတယ်။ ဒီလဆိုရင် တစ်ရက်ကို ကုန်ချိန် နှစ်သိန်းခွဲ၊ သုံးသိန်းနီးပါး ပြန်ဝင်နေပါပြီ။ သူ့ရာသီဖြစ်တဲ့အတွက် ငါးမွေးကန်တွေက ငါးဖော်လာကြတယ်။ ဧပြီလအထိ ပုံမှန်ငါးအဝင်ကောင်းနေမှာပါ။ ရန်ကုန်အပြင် ပုသိမ်၊ မန္တလေး၊ နေပြည်တော်၊ စစ်ကိုင်း၊ မုံရွာ၊ ကလေး၊ မော်လမြိုင်နဲ့ မြဝတီအထိ ရေထွက်ကုန်တွေ စီးဆင်းနေပါတယ်။ မိုးရာသီထက်စာရင် ကုန်ပစ္စည်းပုံမှန်ဝင်လာတဲ့အတွက် ဈေးနှုန်း



နည်းနည်းအေးသွားပေမယ့် အရောင်းအဝယ်ကောင်းလာပါပြီ။ ကုန်ဝင်များရင်သာ အကြွေးစနစ်နဲ့ တင်ပို့ပေးရတဲ့ အခက်အခဲတော့ရှိတယ်။ အထူးသဖြင့် ကုမ္ပဏီတွေပါ။ ပြည်တွင်းမှာ ပုံမှန်စားသုံးမှုရှိနေတဲ့ ဈေးကွက်ထက် ငါးမြစ်ချင်းများများစားသုံးတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ငါးမြစ်ချင်း ဈေးကွက်တစ်ခု ပွင့်သွားမယ်ဆိုရင် မွေးမြူရေးငါးဈေးကွက် ဦးမော့လာပြီး စီးပွားရေးပိုပြီး အဆင်ပြေလာမယ်လို့မြင်တယ်။ ကုန်ကြမ်းကနိုင်ငံထဲမှာ အဆင်သင့်ရှိနေပြီးသားပါ”ဟု ရွှေပိတောက်ငါးဈေးသာယာရေးအဖွဲ့မှ အတွင်းရေးမှူး ဦးမောင်နိုင်က ပြောသည်။

ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ငါးမြစ်ချင်းများကို ရန်ကုန်မြို့ရှိ ငါးဈေးကြီးနှစ်ခုအပြင် ဘင်္ဂလားဒေ့ရှ်၊ ဒူဘိုင်း၊ ဆော်ဒီအာရေဗျ၊ ကာတာနိုင်ငံများသို့ အဓိက တင်ပို့လျက်ရှိသည့်အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝယ်လက်များမှတစ်ဆင့် အခြားနိုင်ငံများသို့ ပြုပြင်ထုပ်ပိုး၍ တင်ပို့လျက်ရှိကြောင်း ရေချို/ရေငန် လုပ်ငန်းရှင်များထံမှ သိရသည်။

ရွှေပိတောက်ငါးဈေးသို့ မွေးမြူရေးငါးများဖြစ်သည့် ငါးမြစ်ချင်း၊ ငါးတန်၊ ငါးခေါင်းပွ၊ ငါးမုတ်၊ တီလားဗီးယားငါးများနှင့် သဘာဝရေပြင် မြစ်၊ ချောင်းများမှ ငါးကျည်း၊ ငါးခူ၊ ငါးပြေမ၊ ငါးရံ့၊ ငါးမြွေထိုး၊ ငါးသန်ချိတ် အပါအဝင် ရေချိုထွက်ကုန် အမယ် ၃၀ နှင့် ရေငန်ထွက်ကုန်အမယ် ၁၅ မျိုး ဝင်ရောက်လျက်ရှိကြောင်း၊ ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးသို့ ရေချိုထွက်ကုန်အချို့နှင့် စံပြငါးဈေးဆိပ်ကမ်းသို့ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ရေငန်ထွက်ကုန်မျိုးစုံ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

## စည်ကားလျက်ရှိ

ရန်ကုန်မြို့ပြ၏ ရေထွက်ကုန်စားသုံးမှု လိုအပ်ချက်ကိုနေ့စဉ် ပံ့ပိုးပေးလျက်ရှိပြီး နိုင်ငံ၏ ရေထွက်ကုန်စီးဆင်းမှုတွင် အဓိကအခန်းကဏ္ဍ၌ ရပ်တည်လျက်ရှိသည့် ရွှေပိတောက်ငါးဈေးကြီးအား နံနက် ၃ နာရီမှ ညနေ ၅ နာရီအထိ နေ့စဉ်ဖွင့်လှစ်လျက်ရှိကာ ဈေးရုံပေါင်း ခုနစ်ရုံ၊ ဆိုင်ခန်းပေါင်း ၄၄၄ ခန်း၊ ပုံကျဆိုင်ခန်းပေါင်း ၉၀ ကျော်ဖြင့် နေ့စဉ်ရေထွက်ကုန် ဝယ်ယူသူ၊ ဖြန့်ဖြူးသူ၊ ကုန်တင်ယာဉ်၊ ငါးသယ်ရေယာဉ်တို့ဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သစ္စာ(MNA)**

**ဓာတ်ပုံ–ဇွဲမာန်**

# ရန်ကုန်မြို့၌ (၃၈)ကြိမ်မြောက်နှင့် (၃၉)ကြိမ်မြောက် အသည်းအစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ရန်ကုန်မြို့ရှိ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၌ (၃၈)ကြိမ်မြောက် အသည်းအစားထိုးခွဲစိတ်ကုသမှုအဖြစ် အသက် (၄၉)နှစ်ရှိ အသည်းရောဂါလူနာအမျိုးသားနှင့် အသက်(၃၉)နှစ်ရှိ အသည်းအလှူရှင် အမျိုးသမီးမောင်နှမတို့အား ဒီဇင်ဘာ ၂၀ ရက်တွင်လည်းကောင်း၊ (၃၉)ကြိမ်မြောက် အသည်းအစားထိုးခွဲစိတ်ကုသမှုအဖြစ် အသက်(၅၈)နှစ်ရှိ အသည်းလူနာအမျိုးသမီးနှင့် အသက်(၂၅)နှစ်ရှိ အသည်းအလှူရှင် သားအမိတို့အား ဒီဇင်ဘာ ၂၁ ရက်တွင်လည်းကောင်း ဆောင်ရွက်သည်။



အသည်းအစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ခဲ့သော လူနာနှင့် အသည်းအလှူရှင် လေးဦးတို့ကို ခွဲစိတ်ပြီး အထူးကြပ်မတ်ကုသဌာနတွင် ထားရှိကာ လိုအပ်သော ပြုစုကုသမှုများကို ဘာသာရပ်ဆိုင်ရာ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ အသည်းအစားထိုးခွဲစိတ်ကုသမှုကို ပြည်သူ့ဆေးရုံကြီးများတွင် အသည်းအစားထိုးခွဲစိတ်မှု အောင်မြင်စွာ ပြန်လည်ဆောင်ရွက်နိုင်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင်ပါမောက္ခ၊ ဌာနကြီးမှူး (ဆေးလက်တွေ့) ပါမောက္ခဒေါက်တာ မင်းဇော်ဦး ဦးဆောင်သောအဖွဲ့၊ ပါမောက္ခဒေါက်တာ စိုင်းအောင်ညွန့်ဦး ဦးဆောင်သော အသည်းခွဲစိတ်ကုသမှုဆိုင်ရာလုပ်ငန်းအဖွဲ့၊ ပါမောက္ခဒေါက်တာ ဝင်းဝင်းဆွေ ဦးဆောင်သော အသည်းဆေးကုသမှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ပါမောက္ခဒေါက်တာမူမူနိုင် ဦးဆောင်သော မေ့ဆေးဆိုင်ရာလုပ်ငန်းအဖွဲ့၊ ပါမောက္ခ ဒေါက်တာ ဝင်းဝင်းကျော် ဦးဆောင်သော နှလုံးနှင့် သွေးကြောခွဲစိတ်မှုဆိုင်ရာလုပ်ငန်းအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ဓာတ်ခွဲ) ဒေါက်တာ ဆွေဆက် ဦးဆောင်သော ရောဂါရှာဖွေရေးဆိုင်ရာလုပ်ငန်းအဖွဲ့၊ ပါမောက္ခဒေါက်တာ အောင်ချိုထွန်း ဦးဆောင်သော ဓာတ်မှန်ပညာဆိုင်ရာလုပ်ငန်းအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (အမျိုးသားသွေးဌာန) ဒေါက်တာ အယ်ထူးဖေ ဦးဆောင်သော သွေးနှင့်သွေးပစ္စည်းဆိုင်ရာ အထောက်အကူပြုလုပ်ငန်းအဖွဲ့၊ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၊ ရန်ကုန်မြို့မှ ဆေးရုံအုပ်ကြီး ဒေါက်တာ အိသန္တာထွေးနှင့် သူနာပြုများအဖွဲ့၊ ကျွမ်းကျင်ဝန်ထမ်းများနှင့် အထောက်အကူပြုဝန်ထမ်းများအားလုံး ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ကိုရီးယားသမ္မတနိုင်ငံ Seoul National University Hospital မှ Professor Kwang Woong Lee က ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုများကို အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ ရန်ကုန်မြို့၌ ၂၀၀၄ ခုနှစ်တွင် တစ်တွဲနှင့် ၂၀၀၉ ခုနှစ်တွင် တစ်တွဲ၊ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)-ရန်ကုန်မြို့၌ ၂၀၁၅ ခုနှစ်တွင် တစ်တွဲ၊ ၂၀၁၆ ခုနှစ်တွင် လေးတွဲ၊ ၂၀၁၇ ခုနှစ်တွင် ခြောက်တွဲ၊ ၂၀၁၈ ခုနှစ်တွင် ၁၁ တွဲ၊ ၂၀၁၉ ခုနှစ်တွင် ၁၀ တွဲ၊ ၂၀၂၃ ခုနှစ်တွင် တစ်တွဲ၊ ၂၀၂၄ ခုနှစ်တွင် နှစ်တွဲ၊ ယခု ၂၀၂၅ ခုနှစ်တွင် နှစ်တွဲ စုစုပေါင်း ၃၉ တွဲကို ခွဲစိတ်ကုသမှုဆောင်ရွက်ပြီးဖြစ်သည်။

ယခုကဲ့သို့ ပြည်တွင်း၌ အသည်းအစားထိုးခွဲစိတ်ကုသမှုများကို ဆောင်ရွက်နိုင်ခြင်းအားဖြင့် ပြည်သူများအတွက် လိုအပ်သော ကုသမှုကို လက်လှမ်းမီရရှိစေကာ ပြည်ပသို့သွားရောက်ကုသရမည့် ကုန်ကျစရိတ်များ သက်သာစေနိုင်သည့်အပြင် ပြည်သူ့ဆေးရုံများတွင် ဝန်ဆောင်မှု ပိုမိုတိုးတက်ကောင်းမွန်စေခြင်းနှင့် ပြည်သူတစ်ဦးချင်းစီမှ စိုက်ထုတ်သုံးစွဲရငွေ လျော့ကျစေမည်ဖြစ်ကြောင်းနှင့် အသည်းအစားထိုးကုသမှုများ ပုံမှန်ဆက်လက်ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နောင်ချိုမြို့နယ်ရှိ သုံးဆယ်တိုက်နယ်ဆေးရုံ ပြန်လည်ဖွင့်လှစ်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိ

**နောင်ချို ဒီဇင်ဘာ ၂၂**

ကျန်းမာရေး ဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကုသရေးဦးစီးဌာန နောင်ချိုမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် နှီးနွှယ်ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် စေတနာရှင်များ ပူးပေါင်း၍ ဒေသတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာလကုန်မှစ၍ လုပ်ငန်း(ယာယီ)ရပ်ဆိုင်းထားသော နောင်ချိုမြို့နယ် သုံးဆယ်တိုက်နယ်ဆေးရုံကို ပြန်လည်ပြုပြင်ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်ကာ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



ကျန်းမာရေး ဝန်ကြီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း)ကုသရေးဦးစီးဌာနအနေဖြင့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကို ၂၀၂၅ ခုနှစ် ဩဂုတ် ၂ ရက်က ပြန်လည်ဖွင့်လှစ်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုများပေးလျက်ရှိပြီး ယခုအခါ သုံးဆယ်တိုက်နယ်ဆေးရုံ ပြန်လည်ဖွင့်လှစ်နိုင်သည့်အတွက်သုံးဆယ်တိုက်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူ ၃၀၀၀၀ ကျော်ကို ကျန်းမာရေး စောင့်ရှောက်မှုများ လွှမ်းခြုံဆောင်ရွက်ပေးနိုင်မည် ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထု ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ လွှမ်းခြုံမှု တိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၀ ရက်အထိ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲ (၃၄)ခု ပြန်လည်ဖွင့်လှစ်ထားရှိပြီး ပဏာမကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အားဖြည့် ဆောင်ရွက်လျက်ရှိသည်။

နောင်ချိုမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများသည် နောင်ချိုမြို့ပေါ်နှင့် အနီးတစ်ဝိုက်ရှိကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်း၊ ကိုယ်ဝန်ဆောင်စောင့်မိခင်နှင့် ကလေးစောင့်ရှောက်ရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေး လုပ်ငန်းများဆောင်ရွက်ပေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းကို ပြန်လည်အားဖြည့်ဆောင်ရွက်ရန်အတွက် အမီလိုက် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း၊ အသက် (၁၅) နှစ်အောက်ကလေးများအား အထူးအစီအစဉ် (Special Immunization Activities) ဖြင့် ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးပေးခြင်း စသည်ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို ကလေးတိုင်းဆီသို့ ရောက်ရှိအောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများသည် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ အသက် (၁၅) နှစ်အောက်ကလေးငယ် ၃၂၃၅၀ ကို လိုအပ်သော ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သထုံမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေး

**သထုံ ဒီဇင်ဘာ ၂၂**

မွန်ပြည်နယ် သထုံမြို့နယ်တွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အခြေခံစားသောက်ကုန်များသက်သာသောဈေးနှုန်းတို့ဖြင့် ရောင်းချပေးခြင်းတို့ကို ယနေ့နံနက်ပိုင်းက သထုံခရိုင် ပြည်သူ့ဆေးရုံကြီး၌ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။



**ကြည့်ရှုအားပေး**

ထိုသို့ဆောင်ရွက်ရာတွင် သထုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးစိုးနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာ ကျော်ဝင်းဇော် ဦးဆောင်သည့် အထူးကုဆရာဝန်ကြီးများ၊ သမားတော်များ၊ ခွဲစိတ်ဆရာဝန်များ၊ ကျန်းမာရေး ဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးခြင်း ကုသခြင်းနှင့် လိုအပ်သည့်ဆေးဝါးများ အခမဲ့ပေးအပ်ခြင်းနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ် ဆန်ကုန်သည်ကြီးများ အသင်း၊ ဆီကုန်သည်ကြီးများအသင်းနှင့် တာဝန်ရှိသူများ ပူးပေါင်းကာ သက်သာသော ဈေးနှုန်းဖြင့် အခြေခံ စားသောက်ကုန်များ ရောင်းချပေးခြင်းတို့ကို ကြည့်ရှုအားပေးကာ လိုအပ်သည်တို့ကို ပံ့ပိုးပေးကြသည်။

အဆိုပါ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ စောင့်ရှောက်မှုပေးရာတွင် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်ကြက်ခြေနီအသင်းခွဲနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့တို့က လိုအပ်သည်တို့ကို ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက မှော်ဘီမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Delta Mate Co.,Ltd. မှ အာမခံအလုပ်သမား ဒေါ်နှင်းနှင်းမော်၏ လုပ်ငန်းခွင်ပြင်ပ ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၅၃၀၇၀၀၀ ကို မိခင်ဖြစ်သူ ဒေါ်နိုင်နိုင်မော်အား ဒီဇင်ဘာ ၂၁ ရက်က ထုတ်ပေးစဉ်။

ကောင်းမြတ်သူ(မှော်ဘီ)

## အီရတ်နှင့် ပါကစ္စတန်ကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည်

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၂

အီရတ်နှင့် ပါကစ္စတန်နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုမြှင့်တင်ရေးတို့အတွက် အီရတ်သမ္မတ အဗ္ဗဒုလာတတ်ဒ်ရာရှစ်နှင့် ပါကစ္စတန်သမ္မတ အဇစ်အလီဇာဒါရီတို့ ဒီဇင်ဘာ ၂၁ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

လက်ရှိဖြစ်ပွားနေသည့် တင်းမာမှုများလျော့ကျရေးနှင့် ဒေသတွင်းတည်ငြိမ်ရေးတို့အတွက် ချိန်ညှိဆောင်ရွက်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးလုပ်ငန်းများ၏ အရေးပါပုံကို တာဝန်ရှိသူနှစ်ဦးကြား အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

အီရတ်အနေဖြင့် ပါကစ္စတန်နှင့် ယဉ်ကျေးမှု၊ သိပ္ပံနှင့်စီးပွားရေးနယ်ပယ်၊ ရေကြောင်းသွားလာရေးနှင့် ခရီးသွားလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း အီရတ်သမ္မတက ပြောသည်။

ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်ကို မြှင့်တင်မည်ဖြစ်ကြောင်း သိရသည်။ မိမိတို့နှစ်နိုင်ငံကြား သမိုင်းတွင်သည့် ဆက်ဆံရေးတည်ရှိခဲ့ခြင်းကို ဂုဏ်ပြုကြောင်းနှင့် နှစ်နိုင်ငံ ပြည်သူများ၏ အကျိုးစီးပွားအတွက် အီရတ်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းကိုမြှင့်တင်မည်ဟု ပါကစ္စတန်သမ္မတ အဇစ်အလီဇာဒါရီက ပြောသည်။



ပါကစ္စတန်သမ္မတ အဇစ်အလီဇာဒါရီသည် ဘဂ္ဂဒက်မြို့သို့ ဒီဇင်ဘာ ၂၀ ရက်တွင် ရောက်ရှိခဲ့သည်။ တရားဝင်အလည်အပတ်ခရီးအဖြစ် အီရတ်နိုင်ငံ ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ

## ဆိုင်ကလုန်းမုန်တိုင်း ဒီဝါကြောင့် နေအိမ်ပျက်စီးခဲ့သည့် အိမ်ထောင်စုများအတွက် အိမ်ရာများတည်ဆောက်ပေးမည်

ကိုလံဘို ဒီဇင်ဘာ ၂၂



သီရိလင်္ကာနိုင်ငံတွင် တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း ဒီဝါကြောင့် နေအိမ်ပျက်စီးခဲ့သည့် အိမ်ထောင်စုများအတွက် အိမ်ရာများ တည်ဆောက်ပေးရေး ဆောင်ရွက်နေကြောင်း အိမ်ရာဆောက်လုပ်ရေးနှင့် ရေပေးဝေရေးဝန်ကြီး ဆူဆေရာနာဆင်းဂီးက ဒီဇင်ဘာ ၂၂ ရက်တွင် ပြောသည်။

အဆိုပါ မုန်တိုင်းတိုက်ခတ်သည့် ကာလအတွင်း အိမ်ခြေ ၆၀၀၀ ကျော် လုံးဝပျက်စီးခဲ့ကာ အိမ်ခြေ ၁၀၀၀၀ မှာ တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့ကြောင်း ၎င်းကပြောသည်။ နိုင်ငံအတွင်း အချို့ဒေသများတွင် ဖြစ်ပွားခဲ့သည့် သဘာဝဘေးကြောင့် နေထိုင်ရန် မသင့်တော်သည့် အခြေအနေအထိ ပျက်စီးခဲ့သည့် အိမ်များရှိကြောင်း သိရသည်။ သမ္မတရုံးအနေဖြင့် လက်ရှိအချိန်တွင် သဘာဝဘေးထိခိုက်ခံစားခဲ့ရသည့်ဒေသများမှ ဒေသခံများ၏ လူမှုစီးပွားဘဝများ ပုံမှန် ရောက်ရှိစေရေးအတွက် ရန်ပုံငွေများ ထုတ်ပေးလျက်ရှိပြီး သဘာဝဘေး ကျရောက်လွယ်သည့် ဒေသများမှ ဒေသခံများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရေး ဆောင်ရွက်ပေးနေကြောင်း ၎င်းက ပြောသည်။

နိုင်ငံအတွင်း သဘာဝဘေး ထိခိုက် ခံစားခဲ့ရသူများအတွက် အနာဂတ်ကာလတွင် ရေရှည် ဘေးကင်းစွာနေထိုင်ရေးအတွက် ပြန်လည် နေရာချထားရေး အစီအစဉ်ကို ဆောင်ရွက်နေကြောင်း ၎င်းက ပြောသည်။ သီရိလင်္ကာပါလီမန်သည် ဒီဇင်ဘာ ၁၉ ရက်က ဆိုင်ကလုန်းမုန်တိုင်း ဒီဝါတိုက်ခတ်ခြင်းကြောင့် ထိခိုက်ခံစားခဲ့ရသည့် အိမ်ထောင်စုများအတွက် လျော်ကြေးပေးရန်နှင့် အခြေခံ အဆောက်အအုံများ တည်ဆောက်ရန် ထပ်တိုးဘတ်ဂျက်ခွင့်ပြုငွေ ကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံကို ခွင့်ပြုခဲ့သည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

## ကေပေါ့အဆိုတော် ဂျောင်ကွတ်၏ နေအိမ်အတွင်းသို့ ဂျပန်အမျိုးသမီးတစ်ဦး ဖောက်ထွင်းဝင်ရောက်

ဆိုးလ် ဒီဇင်ဘာ ၂၂

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ ကေပေါ့အဆိုတော် ဘီတီအက်စ်အဖွဲ့ဝင် ဂျောင်ကွတ်၏ နေအိမ်အတွင်းသို့ ဂျပန်အမျိုးသမီးတစ်ဦး ဖောက်ထွင်းဝင်ရောက်မှု ဖြစ်ခဲ့သဖြင့် စုံစမ်းစစ်ဆေးမှုများဆောင်ရွက်နေကြောင်း သိရသည်။

အသက်၅၀ အရွယ်ရှိ၎င်းအမျိုးသမီးသည် ပြီးခဲ့သည့်လက ဂျောင်ကွတ်၏ နေအိမ်သော့အား ဖျက်ကာ အိမ်အတွင်းသို့ ဝင်ရောက်ခဲ့သည်။

၎င်းအမျိုးသမီးသည် တောင်ကိုရီးယားတွင် နေထိုင်သူ မဟုတ်သဖြင့် ရဲတပ်ဖွဲ့က အသေးစိတ်မေးခွန်းများ မေးမြန်းခြင်းမပြုနိုင်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်အတွင်းကျင်းပသည့် ပွဲတော်တစ်ခုတွင် ကေပေါ့ဂီတအဖွဲ့ ဘီတီအက်စ်၏ အဆိုတော် ဂျင်အား နမ်းရှုပ်မှုဖြင့် ဂျပန်အမျိုးသမီးတစ်ဦးအား အရေးယူခဲ့ရသည်။ ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – စိုးသူရ



## ဩစတြေးလျနိုင်ငံ ဗွန်ဒီကမ်းခြေပစ်ခတ်မှုအတွက် ဂျူးလူမျိုးများအား တောင်းပန်ကြောင်း ဝန်ကြီးချုပ်ပြောကြား



ကင်ဘာရာ ဒီဇင်ဘာ ၂၂

ဩစတြေးလျနိုင်ငံ ဗွန်ဒီကမ်းခြေတွင် ဖြစ်ပွားခဲ့သည့် ပစ်ခတ်မှုအတွက် ဂျူးလူမျိုးများအား တောင်းပန်ကြောင်းနှင့် အမုန်းစကားပြန့်ပွားမှုတားဆီးရေးဥပဒေကို ထုတ်ပြန်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် အန်ထော်နီအယ်ဗားနိစ်က ဒီဇင်ဘာ ၂၂ ရက်တွင် ပြောသည်။

ဗွန်ဒီကမ်းခြေတွင်ဖြစ်ပွားခဲ့သည့် ပစ်ခတ်မှုအတွက် တာဝန်ရှိကြောင်း မိမိဝန်ခံလိုသည်ဟု ၎င်းကပြောသည်။

ဂျူးလူမျိုးများနှင့် ဩစတြေးလျတစ်မျိုးသားလုံး ခံစားခဲ့ရသည့် ယင်းအကြမ်းဖက်မှုအတွက် ဝမ်းနည်းပါကြောင်း ၎င်းက ပြောသည်။ အစိုးရအနေဖြင့် ဩစတြေးလျနိုင်ငံသား ဂျူးလူမျိုးများအား ကာကွယ်စောင့်ရှောက်ရေးအတွက် ဆောင်ရွက်မည်ဖြစ်ကာ ဩစတြေးလျနိုင်ငံရှိ လူ့အသိုင်းအဝိုင်းများအား ဖြိုခွဲမည့် အိုင်အက်စ်အကြမ်းဖက်သမားများ၏ အကြံအစည်ကို ခွင့်ပြုမည်မဟုတ်ကြောင်း ၎င်းကပြောသည်။

တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ဒီဇင်ဘာ ၂၂ ရက်တွင် အစိုးရအဖွဲ့သည် အစည်းအဝေးကျင်းပခဲ့ပြီး အမုန်းစကားများနှင့် ၎င်း၏အကျိုးဆက်များကို တိုက်ဖျက်ရန် ရည်ရွယ်သည့် ဥပဒေပြုရေးအစီအစဉ်ကို ဆောင်ရွက်ရန် သဘောတူခဲ့သည်ဟု အယ်ဗားနိစ်က ပြောသည်။

၂၀၂၆ ခုနှစ်တွင် ပါလီမန်သို့ တင်ပြမည့် အမုန်းစကားတိုက်ဖျက်ရေး ဥပဒေတွင် အမုန်းစကားများ ပြန့်ပွားစေခြင်းအတွက် ပြစ်ဒဏ်များ တိုးမြှင့်သတ်မှတ်ထားပြီး အကြမ်းဖက်မှုဖြစ်ပွားစေရေး အမုန်းစကားပြန့်ပွားစေသူ တရားခံများအား ပြည်ဝင်ခွင့်ဗီဇာရုပ်သိမ်းနိုင်မည့်လုပ်ပိုင်ခွင့်ကို ပြည်ထဲရေးဝန်ကြီးအားအပ်နှင်းထားကြောင်း သိရသည်။ ကလေးသူငယ်များအား အကြမ်းဖက်မှု ကျူးလွန်ရေး စည်းရုံးသူများကိုလည်း အရေးယူမည်ဟု သိရသည်။

ကလေးသူငယ်များအား အကြမ်းဖက်မှုနှင့် အမုန်းစကားပြန့်ပွားခြင်းဆိုင်ရာ မှုခင်းများ ကျူးလွန်ရန် စည်းရုံးခြင်းကို တားဆီးရမည်ဟု ရှေ့နေချုပ် မစ်ချယ်ရော့လန်ကပြောသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

## ဗီယက်နမ်နိုင်ငံရှိ ဒစ်ဂျစ်တယ်နည်းပညာ စက်မှုလုပ်ငန်းမှ ဝင်ငွေအဖြစ် ကန်ဒေါ်လာ ၄၁ ဘီလီယံကျော် ရှာဖွေပေး

ဟနွိုင်း ဒီဇင်ဘာ ၂၂

ဗီယက်နမ်နိုင်ငံရှိ ဒစ်ဂျစ်တယ်နည်းပညာ စက်မှုလုပ်ငန်းမှ နိုင်ငံ၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုးဆိုင်ရာ ဝင်ငွေအဖြစ် ကန်ဒေါ်လာ ၄၁ ဘီလီယံကျော် ရှာဖွေပေးခဲ့ကြောင်း ဗီအင်န်အီကောနောမီ သတင်းစာ၏ ဒီဇင်ဘာ ၂၂ ရက် သတင်းအရ သိရသည်။

ယခုနှစ်အတွက် ယင်းလုပ်ငန်းမှ ဝင်ငွေသည် ကန်ဒေါ်လာ ၁၉၈ ဘီလီယံရှိခဲ့ပြီး ၂၀၂၄ ခုနှစ်ကရရှိခဲ့သည့် ဝင်ငွေထက် ၂၆ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရသည်။

ကွန်ပျူတာနှင့် အီလက်ထရွန်းနစ်ပစ္စည်းများ ပြည်ပတင်ပို့ခြင်းမှ ဝင်ငွေ ကန်ဒေါ်လာ ၁၇၈ ဘီလီယံရရှိခဲ့ပြီး ၂၀၂၄ ခုနှစ်ကထက် ၃၅ ရာခိုင်နှုန်း တိုးတက်လာသည်။ နိုင်ငံအတွင်းရှိ ဒစ်ဂျစ်တယ်နည်းပညာ လုပ်ငန်းအရေအတွက်မှာ ၈၀၀၅၂ ခုရှိပြီး ယင်းအရေအတွက်သည် ၂၀၂၄ ခုနှစ်ကထက် ၁၀ ရာခိုင်နှုန်း တိုးတက်လာကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၂၂

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပမှုကို ပျက်ပြားစေရန်ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အများပြည်သူဆိုင်ရာ နေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများ ချိတ်ဆွဲခြင်း စသည်တို့ဖြင့် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအား ထိခိုက်ပျက်စီးအောင်နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၆ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ အမှတ်(၈) ရပ်ကွက်နေ ဒေါ်မြင့်မြင့်မော်(ခ)မော်လေး (၄၇)နှစ်သည် ၎င်းအသုံးပြုသည့် Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား အများပြည်သူ အထင်အမြင်လွဲမှားစေရန် ရေးသားထားသည့် စာသားများအား ပြန်လည်မျှဝေထားသည်ကို စိစစ်တွေ့ရှိရသဖြင့် မြင့်မြင့်မော်(ခ)မော်လေးအား ဒီဇင်ဘာ ၁၉ ရက်တွင် မအူပင် မြို့မရဲစခန်း (ပ)၂၃၇/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာ ၂၇ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ပင်ဖြစ်ကျေးရွာနေ ဒေါ်နှင်းနုနုလှိုင်သည် ၎င်းအသုံးပြုသည့် "Nu Hlaing" Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား အများပြည်သူ အထင်အမြင်လွဲမှားစေရန် ရေးသားထားသည့်စာသားများအား ပြန်လည်မျှဝေထားသည်ကို စိစစ်တွေ့ရှိရသဖြင့် နှင်းနုနုလှိုင်အား ဒီဇင်ဘာ ၁၈ ရက်တွင် ရပ်စောက်မြို့မရဲစခန်း(ပ)၁၁၃/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း။

ထို့အတူ ဒီဇင်ဘာ ၁ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ချမ်းမြသာစည်ရပ်ကွက်နေ ဦးမြင့်ဝင်း (၅၀)နှစ်သည် ၎င်းအသုံးပြုသည့် "Ko Myint Win"Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား အများပြည်သူ အထင်အမြင်လွဲမှားစေရန် ရေးသားထားသည့်စာသားများအား ရေးသားလွှင့်တင်ခြင်း၊ ပြန်လည်မျှဝေခြင်းများ ပြုလုပ်ထားသည်ကို စိစစ်တွေ့ရှိရသဖြင့် မြင့်ဝင်းအား ဒီဇင်ဘာ ၁၇ ရက်တွင် တောင်ကြီးနယ်မြေရဲစခန်း (ပ)၁၈၃/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း။

ထို့အပြင် ဒီဇင်ဘာ ၄ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ဟဲဟိုးမြို့ အမှတ်(၃) ရပ်ကွက်နေ ဒေါ်သင်းသင်းဖြူ(၃၄)နှစ်သည် ၎င်းအသုံးပြုသည့် "Phyu" Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား အများပြည်သူ အထင်အမြင်လွဲမှားစေရန် ရေးသားထားသည့် စာသားများအား ပြန်လည်မျှဝေထားသည်ကို စိစစ်တွေ့ရှိရသဖြင့် သင်းသင်းဖြူအား ဒီဇင်ဘာ ၁၇ ရက်တွင် ဟဲဟိုးနယ်မြေရဲစခန်း(ပ)၇၄/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း။

အလားတူ ဒီဇင်ဘာ ၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး ဆွာမြို့ အမှတ်(၅)ရပ်ကွက်နေ ဦးအောင်ဇော်မျိုးထက်(ခ)ဖိုးလပြည့်(ခ)ဖိုးထက် (၃၅)နှစ်သည် ၎င်းအသုံးပြုသည့် "Phoe Htet" Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား အများပြည်သူအထင်အမြင်လွဲမှားစေရန် ရေးသားထားသည့် စာသားများအား ထပ်ဆင့်ပြန်လည်မျှဝေထားကြောင်း စိစစ်တွေ့ရှိရသဖြင့် အောင်ဇော်မျိုးထက်(ခ)ဖိုးလပြည့်(ခ)ဖိုးထက်အား ဒီဇင်ဘာ ၁၉ ရက်တွင် ဆွာနယ်မြေရဲစခန်း (ပ)၅၇/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း။

ထို့အတူ ဒီဇင်ဘာ ၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အောင်ဇေယျာရပ်ကွက်နေ မမေသူကျော် (၂၉)နှစ်သည် ၎င်းအသုံးပြုသည့် "May Thu Kyaw" Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား အများပြည်သူ အထင်အမြင်လွဲမှားစေရန် ရေးသားထားသည့်စာသားများအား ပြန်လည်မျှဝေထားသည်ကို စိစစ်တွေ့ရှိရသဖြင့် မေသူကျော်အား ဒီဇင်ဘာ ၁၉ ရက်တွင် မုံရွာမြို့မရဲစခန်း (ပ)၂၃၉/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း။

ထို့အပြင် ဒီဇင်ဘာ ၁၅ ရက် ည ၇ နာရီ မိနစ် ၂၀ တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၄)ရပ်ကွက် ဘုရင့်နောင်လမ်း ကမ္ဘောဇဘဏ်ရှေ့၌ ပြည်သူ့ရှေ့ဆောင်ပါတီ(PPP)မှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဗီနိုင်းဆိုင်းဘုတ်အား အမျိုးသားတစ်ဦးက စုတ်ဖြဲဖျက်ဆီးခဲ့ကြောင်း သိရှိရသဖြင့် စုံစမ်းဖော်ထုတ်ခဲ့ရာ အဆိုပါဆိုင်းဘုတ်အား စုတ်ဖြဲဖျက်ဆီးသွားသူ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၅)ရပ်ကွက်နေ ဝေလင်းနိုင်(ခ) ဝေလင်း (၂၅)နှစ်အား ဖော်ထုတ်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းအား ပိတောက်ချောင်းနယ်မြေရဲစခန်း (ပ)၇၁/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း။

အလားတူ ဒီဇင်ဘာ ၁၆ ရက်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်နေ အောင်ကျော်ဟိန်း (၃၁)နှစ်သည် ၎င်းအသုံးပြုသည့် "Aung Kyaw Hein" Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား အများပြည်သူ အထင်အမြင်လွဲမှားစေရန် ရေးသားထားသည့်စာသားများ ရေးသားဖြန့်ဝေခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် အောင်ကျော်ဟိန်းအား ဒီဇင်ဘာ ၁၇ ရက်တွင် ဟောင်လိတ်နယ်မြေရဲစခန်း (ပ)၂၁၅/၂၀၂၅၊ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း။

ထို့အတူ ဒီဇင်ဘာ ၁၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၄)နေ အာမတ်ခန့် (၅၀)နှစ်သည် ၎င်းအသုံးပြုသည့် "တစ်ချိန်က မေမြို့သားကြီး(အကောင့်ကျအာမတ်" Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား အများပြည်သူအထင်အမြင်လွဲမှားစေရန် ရေးသားထားသည့် စာသားများ ရေးသားဖြန့်ဝေခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် အာမတ်ခန့်အား ဒီဇင်ဘာ ၁၇ ရက်တွင် ပြင်ဦးလွင်မြို့မရဲစခန်း (ပ)၂၆၂/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေး ရေး ဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း။

ထို့အပြင် ဒီဇင်ဘာ ၁၇ ရက်မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ ရပ်ကွက်(၆) အေးသာယာ-စက်မှုဇုန်သွားလမ်းနှင့် စစ်ကိုင်းလမ်းဆုံ၌ ပြည်ခိုင်ဖြိုးပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဗီနိုင်းဆိုင်းဘုတ်အား အမျိုးသားတစ်ဦးက ဖျက်ဆီးနေကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါဆိုင်းဘုတ်အား အေးသာယာမြို့ ရပ်ကွက်(၉)နေ သီဟစိုး(ခ) အလီ (၃၅)နှစ်က ဖျက်ဆီးနေသည်ကို တွေ့ရှိရသဖြင့် ဖမ်းဆီးကာ ၎င်းအား ဒီဇင်ဘာ ၁၇ ရက်တွင် အေးသာယာနယ်မြေရဲစခန်း (ပ)၁၅၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း။

အလားတူ ဒီဇင်ဘာ ၁၉ ရက်တွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့ မင်္ဂလာရပ်ကွက်နေ စည်သူမင်း (၄၁)နှစ်သည် ၎င်းအသုံးပြုသည့် "Si Thu Min" Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား အများပြည်သူ အထင်အမြင်လွဲမှားစေရန် ရေးသားထားသည့်စာသားများ ရေးသားဖြန့်ဝေထားသည်ကို စိစစ်တွေ့ရှိရသဖြင့် စည်သူမင်းအား ဒီဇင်ဘာ ၁၉ ရက်တွင် ပျဉ်းမနားမြို့မရဲစခန်း(ပ)၂၈၈/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်ဖမ်းဆီးခဲ့ပြီး တရားခံများအား ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ကလေးမြို့၌ ငွေကျပ် ၃၂၆၄ ဒသမ ၂၅ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၂၂

ကလေးမြို့၌ ငွေကျပ် ၃၂၆၄ ဒသမ ၂၅ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၇ ရက် ညနေ ၄ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလေးမြို့ တာဟန်းရပ်ကွက် နယ်မြေ(၁၆)ရှိ ဇန်လားရိုထန်းငါ(ခ)ထန်းသဲ(၂၈)နှစ်နှင့် မမန်းဟောက်ကိမ်(၃၁)နှစ်တို့၏ နေအိမ်အား သတင်းအရဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါး TRAMADOL ဆေးတောင့် ၃၁၃၀၀၀(တစ်တောင့်လျှင် ငွေကျပ် ၇၀၀ နှုန်းဖြင့်၎င်းဒေသတန်ဖိုး ငွေကျပ် ၂၁၉၁ သိန်း)၊ စိတ်ပြောင်းဆေးဝါး ALPRAZOLAM ဆေးပြား ၇၁၅၅၀၀(တစ်ပြားလျှင် ငွေကျပ် ၁၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၁၀၇၃ ဒသမ ၂၅ သိန်း)တို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် ဇန်လားရိုထန်းငါ(ခ)ထန်းသဲနှင့် မမန်းဟောက်ကိမ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ ဒီဇင်ဘာ ၂၀ ရက် ည ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ပြင်ဦးလွင်မြို့နယ် အောင်ချမ်းသာကျေးရွာအုပ်စု စည်ကားကျေးရွာနှင့် ဝါးဘိုးရေကျေးရွာချင်းဆက်လမ်းတွင် လမ်းလျှောက်လာသူ စိုင်းဆာအေး(ခ)ဒေါ်န(၅၁)နှစ်၊ ဝါးဘိုးရေကျေးရွာ ပြင်ဦးလွင်မြို့နယ်နေသူအား စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၀၀ (တစ်ပြားလျှင်ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၃၄ သိန်း)ကို သိမ်းဆည်းရမိသဖြင့် စိုင်းဆာအေး(ခ)ဒေါ်နအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**



တရားခံ ဇန်လားရိုထန်းငါ(ခ)ထန်းသဲနှင့် မမန်းဟောက်ကိမ်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီချမှတ်

နေပြည်တော် ဒီဇင်ဘာ ၂၂

အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နေ ချမ်းမြေ့အောင်(ခ)ချမ်းပြည့်အောင်က လူမှုကွန်ရက် Facebook စာမျက်နှာမှတစ်ဆင့် ရှမ်းပြည်နယ် ဟိုပုံးမြို့နေ အမျိုးသမီးတစ်ဦးအား မိုင်းလားမြို့တွင် တရုတ်ဇနီးမယား ပြုလုပ်ရမည်၊ တစ်နှစ်စာချုပ် ချုပ်ဆိုရမည်၊ တစ်လလျှင် ငွေကျပ် သိန်း ၂၀/၃၀ ခန့် ရမည်ဟု စည်းရုံးပြောဆို၍ ရှမ်းပြည်နယ် တာချီလိတ်မြို့နေ သုခစံ အထွေထွေအကျိုးဆောင်လုပ်ငန်း ဖွင့်လှစ်ထားသည့် မအိသန္တာကျော်နှင့် သန်းထွန်းတို့ထံ ပို့ဆောင်ပေးခဲ့ကြောင်း၊ မအိသန္တာကျော်နှင့် သန်းထွန်းတို့က ယင်းအမျိုးသမီးအပါအဝင် အဆိုပါအကျိုးဆောင်လုပ်ငန်းသို့ အလုပ်လာရောက်လျှောက်ထားသည့် အမျိုးသမီး လေးဦးတို့အား မိုင်းလားမြို့တွင် တရုတ်ဇနီးမယားပြုလုပ်ပါက တစ်လလျှင် ယွမ် ၅၀၀၀ ရမည်၊ တစ်နှစ်စာချုပ် ချုပ်ဆိုရမည်ဟု ပြောဆိုစည်းရုံးကာ ကာလသားရောဂါပိုး ရှိ/ မရှိသွေးစစ်ဆေးပေးပြီး အလုပ်ခတ်ပုံများ ရိုက်ယူခဲ့ကြောင်း သိရသည်။

ထို့နောက် မိုင်းလားမြို့နေ ကိုအောင်ထံ ပို့ဆောင်ရောင်းစားရန် တာချီလိတ်မြို့မှ မိုင်းလားမြို့သို့ ခရီးသည်တင်ယာဉ်ဖြင့် ထွက်ခွာလာစဉ် ကျိုင်းတုံမြို့ နောင်နွန်းပူးပေါင်းစစ်ဆေးရေးစခန်းကို ကွင်းရှောင်သည့် ယန်းလူလမ်းခွဲ၌ ဖမ်းဆီးရမိသဖြင့် အမှတ်(၁၈) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ကျိုင်းတုံ)က တရားလိုပြုလုပ်တိုင်တန်းခဲ့သည်။

ကျိုင်းတုံမြို့မ ရဲစခန်း (ပ)၂၉/ ၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ဒီဇင်ဘာ ၁၈ ရက်တွင် ကျိုင်းတုံခရိုင်တရားရုံးက ဖမ်းမိတရားခံ အိသန္တာကျော်နှင့် သန်းထွန်းတို့နှစ်ဦးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း၊ တိမ်းရှောင်တရားခံ ချမ်းမြေ့အောင်(ခ) ချမ်းပြည့်အောင်နှင့် ကိုအောင်တို့ နှစ်ဦးအား ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အလုံမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ အမျိုးသားအဆင့် အိုင်စီတီ စွမ်းရည်ဆုပြိုင်ပွဲ(၂၀၂၅) တိုင်းဒေသကြီးနှင့် ပြည်နယ်ပေါင်းစုံ ဗဟိုအဆင့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ပရောဂျက်များ ခင်းကျင်းပြသပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၂

ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တို့ ပူးပေါင်းကျင်းပသော အမျိုးသားအဆင့် အိုင်စီတီစွမ်းရည်ဆုပြိုင်ပွဲ (၂၀၂၅) တိုင်းဒေသကြီးနှင့် ပြည်နယ်ပေါင်းစုံ ဗဟိုအဆင့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ပရောဂျက်များ ခင်းကျင်းပြသပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများမှ နာယကများ၊ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အကဲဖြတ်ပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဆုရ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားအဆင့် အိုင်စီတီ စွမ်းရည်ဆုပြိုင်ပွဲ(၂၀၂၅) တိုင်းဒေသကြီးနှင့် ပြည်နယ်ပေါင်းစုံ ဗဟိုအဆင့်ပြိုင်ပွဲ မှတ်တမ်း Video Clip ကို ပြသသည်။




ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

## ကြည့်ရှုအားပေး

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက အမျိုးသားအဆင့် အိုင်စီတီစွမ်းရည်ဆု ပြိုင်ပွဲ(၂၀၂၅) တိုင်းဒေသကြီးနှင့် ပြည်နယ်ပေါင်းစုံ ဗဟိုအဆင့် ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိခဲ့ကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ခင်းကျင်းပြသထားသည့် ဆုရပရောဂျက်များကို ကြည့်ရှုအားပေးကြသည်။

ဆုချီးမြှင့်ပွဲအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒဂုံမြို့နယ် ပြည်လမ်းပြည်သူ့ရင်ပြင်ရှေ့နှင့် ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်း ဆူးလေမှတ်တိုင်တို့၌ ဆောင်ရွက်သည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံသူနိုင်ငံသားအားလုံး ပါဝင် မဲပေးနိုင်ရေးအတွက် ရွေးကောက်ပွဲ နှိုးဆော် အသိပညာပေးဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း ကမ်ပိန်းသို့ တက်ရောက်ကြပြီး ဖြတ်သန်းသွားလာနေသည့် မော်တော်ယာဉ်များ၊ YBS ယာဉ်များနှင့် ပြည်သူများအား "ဒို့အတူတူ မဲပေးကြမယ်" လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ကွမ်ရှီးအသံနှင့် ရုပ်မြင်သံကြားဌာနတို့ ပူးပေါင်းပြီး မြန်မာ - တရုတ် သံတမန်ဆက်ဆံရေး (၇၅)နှစ်ပြည့်အထိမ်းအမှတ် ကဗျာနှလုံးသား တူယှဉ်သွား တရုတ်-မြန်မာ ဂန္ထဝင်ကဗျာများ ရွတ်ဆိုပွဲ ကျင်းပမည်



နေပြည်တော် ဒီဇင်ဘာ ၂၂

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ကွမ်ရှီးအသံနှင့် ရုပ်မြင်သံကြားဌာနတို့ပူးပေါင်းပြီး မြန်မာ - တရုတ် သံတမန်ဆက်ဆံရေး (၇၅)နှစ်ပြည့် အထိမ်းအမှတ် ကဗျာနှလုံးသား တူယှဉ်သွား တရုတ်-မြန်မာ ဂန္ထဝင်ကဗျာများ ရွတ်ဆိုပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရန်ကုန် Studio-A ၌ ဒီဇင်ဘာ ၂၄ ရက်တွင် ကျင်းပမည်ဖြစ်ရာ တရုတ်နိုင်ငံ ကွမ်ရှီးအသံနှင့်ရုပ်မြင်သံကြားဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Ms. Zhengkui ဦးဆောင်သည့် အဖွဲ့ဝင် ခုနစ်ဦးတို့သည် ဒီဇင်ဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

တရုတ်-မြန်မာ ဂန္ထဝင်ကဗျာများ ရွတ်ဆိုပွဲတွင် မြန်မာကဗျာ နှစ်ပုဒ်၊ တရုတ်ကဗျာ နှစ်ပုဒ်၊ တရုတ် -မြန်မာ နှစ်ဘာသာဖြင့် ရေးစပ်ထားသည့် ရွတ်ဆိုမည့် ဂန္ထဝင်ကဗျာတစ်ပုဒ်တို့ ပါဝင်မည်ဖြစ်ပြီး ကဗျာရွတ်ဆိုပွဲမှတစ်ဆင့် တရုတ်-မြန်မာနှစ်နိုင်ငံ ပြည်သူများ၏ ယဉ်ကျေးမှုများ အပြန်အလှန် ဖလှယ်နိုင်မည်ဖြစ်သည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ကွမ်ရှီးအသံနှင့်ရုပ်မြင်သံကြားဌာန(GXRTV)တို့သည် ၂၀၁၇ ခုနှစ်မှ စတင်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ တရုတ်ရုပ်သံစီးရီးနှင့် တရုတ်ကာတွန်းကားများအား မြန်မာဘာသာပြန်ဆို ပြသလျက်ရှိသကဲ့သို့ နှစ်ဖက် ပူးပေါင်းထုတ်လုပ်မှုများ ဆောင်ရွက်လျက်ရှိရာ GXRTV မှ လာမည့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင်လည်း မုတ္တမပင်လယ်ကွေ့၌ ကျက်စားသည့် ငှက်မျိုးရင်းလေ့လာရေး အစီအစဉ်ကို ပူးတွဲရိုက်ကူးထုတ်လုပ်သွားမည်ဖြစ်ရာ အဆိုပါ ရုပ်သံမှတ်တမ်း အစီအစဉ်နှစ်ခုအား နှစ်ဖက်ရုပ်သံများတွင် ထုတ်လွှင့်ပြသရေး သဘောတူညီချက် မူဘောင်ကိုလည်း လက်မှတ်ရေးထိုးကြမည်ဖြစ်သည်။

ကွမ်ရှီးအသံနှင့်ရုပ်မြင်သံကြားဌာန(GXRTV)မှ ရိုက်ကူးရေးအဖွဲ့ဝင် ကိုးဦးတို့သည် " မဲခေါင်-လန်ချန်း" ပူးပေါင်း ဆောင်ရွက်မှုအစီအစဉ်၏ နောက်ဆုံးအောင်မြင်မှုအခြေအနေများ မှတ်တမ်းရုပ်သံကို ၂၀၂၅ ခုနှစ် ဩဂုတ် ၁၁ ရက်မှ ၂၁ ရက်အထိ နေပြည်တော်နှင့်ရန်ကုန်မြို့တို့တွင် ရိုက်ကူးရေးဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# အထပ်မြင့်အဆောက်အအုံများတွင် မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ် သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်

ရန်ကုန် ဒီဇင်ဘာ ၂၂

မီးသတ်ဦးစီးဌာနနှင့် Mandalay Golden Wing Construction Limited တို့ပူးပေါင်း၍ မရမ်းကုန်းမြို့နယ် (၁၀) ရပ်ကွက် ဦးထွန်းငြိမ်းလမ်းရှိ Diamond Inya Palace၌ သဏ္ဍာန်တူဖြစ်စဉ်ဖွင့် ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲပိုင်းက ပြုလုပ်ဆောင်ရွက်ခဲ့သည်။

## ဇာတ်တိုက်လေ့ကျင့်

အဆိုပါ သဏ္ဍာန်တူဖြစ်စဉ်ဖွင့် ဇာတ်တိုက်လေ့ကျင့်ခြင်းကို ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးညွှန်ကြားရေးမှူး ဦးမင်းစမ်းအေး ဦးဆောင်၍ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၁၁၆ ဦး၊ ပိုလန်နိုင်ငံထုတ် အထပ်မြင့်အဆောက်အအုံများ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသုံး ခေတ်မီအဆင့်မြင့်ယာဉ်များဖြစ်သော 48 Meter Hydraulic Platform Vehicle နှစ်စီး၊ Medium Fire Fighting &Rescue Vehicle နှစ်စီး၊ မီးသတ်ရေသယ်ယာဉ် နှစ်စီး၊ Ambulance ယာဉ်နှစ်စီး၊ LUF 60 နှစ်စီးနှင့် LUF NANO နှစ်စီးတို့ကို ထုတ်နုတ်အသုံးပြုပြီး အထပ်မြင့်အဆောက်အအုံရှိ မီးလောင်မှုဖြစ်ပွားသည့်အခန်းအား မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ Fireman Lift အသုံးပြုဝင်ရောက်ခြင်းနှင့်အတူ 48 Meter Hydraulic Platform Vehicle အသုံးပြု၍ မီးငြိမ်းသတ်ခြင်းနှင့် မီးလောင်မှုအတွင်း ပိတ်မိနေသူများအား ဘေးလွတ်ရာသို့ ကယ်ဆယ်ရွှေ့ပြောင်းခြင်း၊ ထိခိုက်ဒဏ်ရာရရှိသူများအား မီးသတ်ဦးစီးဌာနရှိ EMS (Emergency Medical Services) အဖွဲ့က ရှေးဦးသူနာပြုစု၍ Ambulance ယာဉ်များဖြင့် နီးစပ်ရာဆေးရုံဆေးခန်းများသို့ ပို့ဆောင်ပေးခြင်းများကို ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဗလ

**ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်အတွင်းရှိ ဈေးများ၊ ကားဂိတ်၊ လူစည်ကားရာနေရာများတွင် သန်လျင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းနှင့် ကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးတင့်နှင့် ကော်မတီဝင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ ဒီဇင်ဘာ ၂၂ ရက်က ဒို့အတူတူ မဲပေးကြမယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးစဉ်။**

သန်းဝင်း(သန်လျင်)



# ဟားခါးမြို့၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာညှိနှိုင်းအစည်းအဝေး ကျင်းပ

**ဟားခါး ဒီဇင်ဘာ ၂၂**

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ချင်းပြည်နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ ချင်းပြည်နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီဝင်များ တက်ရောက်ကြသည်။



**အစွမ်းကုန်ကြိုးပမ်း**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ရွေးကောက်ပွဲသည် နိုင်ငံတော်အတွက် အရေးကြီးသည့်လုပ်ငန်းဖြစ်သည့်အတွက် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ချင်းပြည်နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက မဲရုံနေရာချထားမှု၊ မဲရုံတွင်အသုံးပြုမည့် မဲရုံသုံးပစ္စည်းများ၊ ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များ၏ လုံခြုံရေးဆိုင်ရာ စီမံချက်ရေးဆွဲထားရှိမှုအခြေအနေနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူးက ရွေးကောက်ပွဲနှင့်ပတ်သက်၍ လုံခြုံရေးကိစ္စရပ်များ ဆောင်ရွက်ထားရှိမှု၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် တင်ပြလိုသည့်အချက်များကို တင်ပြကြသည်။

တင်ပြချက်များပေါ် ပြည်နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အကြံပြုဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြိတ်မြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ၊ မဲရုံမှူးနှင့်အဖွဲ့ဝင်များကို သက်ဆိုင်ရာမဲရုံများသို့ ပို့ဆောင်နေရာချထားပေးခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

တနင်္သာရီတိုင်း ဒေသကြီး မြိတ်မြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)များကို သက်ဆိုင်ရာမဲရုံများသို့ သယ်ယူပို့ဆောင်ခြင်းနှင့် မဲရုံမှူးနှင့် အဖွဲ့ဝင်များကို ပို့ဆောင် နေရာချထားပေးခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် မြိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် အဖွဲ့ဝင်များ၊ မြိတ်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)များကို သတ်မှတ်ရက်တွင် သက်ဆိုင်ရာမဲရုံများသို့ သယ်ယူပို့ဆောင်ရေး၊ မဲရုံမှူးနှင့် အဖွဲ့ဝင်များကို ပို့ဆောင်နေရာချထားရေး၊ လုံခြုံရေးပိုင်းဆိုင်ရာတို့နှင့် ပတ်သက်၍ မှာကြားသည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ပြင်ဆင်ဆောင်ရွက်ထားမှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် MEVM စက်များ၊ မဲရုံမှူးနှင့် အဖွဲ့ဝင်များကို သယ်ယူပို့ဆောင် နေရာချထားပေးခြင်းများနှင့် ပတ်သက်၍ လက်တွေ့သရုပ်ပြ ပြင်ဆင်ထားမှုများကို ကြည့်ရှုစစ်ဆေးကာ လုံခြုံရေးပိုင်းဆိုင်ရာများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင် လက်ပံတန်းမြို့၌ မဲရုံများပြင်ဆင်ထားမှု ကြည့်ရှုစစ်ဆေး

**လက်ပံတန်း ဒီဇင်ဘာ ၂၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီးတာဝန်ခံ ဦးအောင်မြင့်လွင်သည် ယနေ့မွန်းလွဲပိုင်းတွင် လက်ပံတန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး မြို့နယ်အတွင်း ဆောင်ရွက်မည့် ရွေးကောက်ပွဲဆိုင်ရာများနှင့်ပတ်သက်၍ မဲဆန္ဒရှင်စာရင်းများထဲတွင် သေဆုံးသူများပါဝင်နေခြင်း ရှိ၊ မရှိ၊ အသက် ၁၀၀ နှင့်အထက် ရှိနေသူများ မြေပြင်တွင် အမှန်တကယ်နေထိုင်မှုရှိ၊ မရှိတို့ကို စစ်ဆေးပေးရန်နှင့် မဲဆန္ဒရှင်စာရင်းများ တိကျမှန်ကန်မှုရှိစေရေး စနစ်တကျဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်သည် လက်ပံတန်းမြို့ အခြေခံပညာအလယ်တန်းကျောင်း(ကျွန်းကလေး)နှင့် အခြေခံပညာအထက်တန်းကျောင်း (ကျေးနီ)တို့တွင် မဲရုံပြင်ဆင်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မိုးနဲမြို့နယ်၌ မဲရုံများပြင်ဆင်ထားရှိမှု ကြည့်ရှုစစ်ဆေး

**မိုးနဲ ဒီဇင်ဘာ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်တွင် မဲရုံပြင်ဆင်ထားရှိမှုများ လိုက်လံကွင်းဆင်းစစ်ဆေးခြင်းများကို ဒီဇင်ဘာ ၂၂ ရက်က အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကိုဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်သည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကိုဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များဖြစ်သော ဗိုလ်မှူးစိုးလင်းအောင်၊ ဦးငိုပွယ်၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအေးလွင်နှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၊ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ပါဝင်သော အဖွဲ့များက မဲရုံအဖြစ်အသုံးပြုမည့် အဆောက်အအုံများ ဖြစ်သော ဝမ်ဟေကျေးရွာ မဲရုံအမှတ်(၁)၊ အမှတ်(၂)၊ လွိုင်ပြေရပ်ကွက်မဲရုံ အမှတ်(၁)၊အမှတ်(၂)နှင့် နားခံကျေးရွာမဲရုံ အမှတ်(၁)တို့ ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ် ရွေးကောက်ပွဲအရာရှိ ဦးအောင်ကိုကိုဝင်းက မဲရုံများ ပြင်ဆင် ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျုံပျော်မြို့ ဗန္ဓုလလမ်းဖွင့်လှစ်



**ကျုံပျော် ဒီဇင်ဘာ ၂၂**

(၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ တေဇရပ်ကွက်ရှိ ဗန္ဓုလကွန်ကရစ်လမ်းသစ်ကို ယနေ့နံနက်ပိုင်းတွင် ဖွင့်လှစ်သည်။

**ကြည့်ရှုစစ်ဆေး**

အဆိုပါ လမ်းသစ်ဖွင့်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင် မန်းငြိမ်းမောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခန့်မွန်ဆွေတို့က လမ်းကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များထံ တာဝန်ရှိသူများက ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းများပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ကွန်ကရစ်လမ်းသစ်ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကွန်ကရစ်လမ်းသစ်မှာ အရှည် ၈၆၈ ပေ၊ အကျယ် ၁၂ ပေ၊ ဒ ခြောက်လက်မရှိပြီး ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၂၆ ဒသမ ၅ သန်းပါဝင်၍ စုစုပေါင်းငွေကျပ် ၇၀ ဒသမ ၉၆၅၁ သန်းဖြင့် လုပ်ငန်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## တောင်ဥက္ကလာပမြို့နယ်ရုံး၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် (အကြို)ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၂**

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း တောင်ဥက္ကလာပမြို့နယ်က ကြီးမှူး၍ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် (အကြို)ဟောပြောပွဲနှင့် စာဖတ်ဝိုင်းအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် သဃ်န်းကျွန်းခရိုင် တောင်ဥက္ကလာပမြို့နယ်ရှိ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း တောင်ဥက္ကလာပမြို့နယ်ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း တောင်ဥက္ကလာပမြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်ရှိန်းက ယနေ့လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန်၊ အနာဂတ်အတွက် လူတော်လူကောင်းများပေါ်ထွန်းလာစေရန် စာဖတ်ဝိုင်းများ၊ ဟောပြောပွဲများပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။ ဆက်လက်၍ စာရေးဆရာမ ပေါက်ပေါက်က မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန် ဗိုလ်ချုပ်အောင်ဆန်း၏ ကြိုးပမ်းဆောင်ရွက်မှုသမိုင်းမှတ်တမ်းများနှင့် လွတ်လပ်ရေးရရှိလာပုံ၊ လူငယ်များအနေဖြင့် လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်ဖြစ်ပေါ်လာစေရန်နှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး စာအုပ်စာပေများကို စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြရန်ဟောပြောခဲ့ကြောင်း သိရသည်။

ခင်ဆွေနှင်း(ပြန်/ဆက်)

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## မင်းဘူးမြို့၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲ ကျင်းပ

**မင်းဘူး ဒီဇင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မင်းဘူးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဖလား ကလပ်ပေါင်းစုံ (အလွတ်တန်း) ဘောလုံးပြိုင်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၁ ရက် မွန်းလွဲ ၃ နာရီတွင် မင်းဘူးမြို့ ခရိုင်အားကစားကွင်း၌ ကျင်းပသည်။



ဖွင့်ပွဲအခမ်းအနားတွင် မင်းဘူးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးလွင်က အမှာစကား ပြောကြားသည်။ ပြိုင်ပွဲတွင် Southern Minbu၊ T.S.B Youth၊ Banana FC၊ Ward-3၊ Golden Brother၊ ဖိုးစနေ FC နှင့် Next Generation စသည့် ပြိုင်ဝင်အသင်းပေါင်း ခုနစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ဘောလုံးပြိုင်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကာ ဆုပေးပွဲအခမ်းအနားကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့) တွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲအဖွင့် ပွဲစဉ်အဖြစ် Banana FC အသင်းနှင့် Southern Minbu အသင်းတို့ ယှဉ်ပြိုင်ကစားရာ Banana FC အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို မင်းဘူးခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ မင်းဘူးမြို့ အားကစားကော်မတီ အဖွဲ့ဝင်များ၊ မြို့ဒေသခံပြည်သူများနှင့် ဘောလုံးအားကစားဝါသနာရှင် ပရိသတ်များက အားချမ်းပျော်ရွှင်စွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဆယ်အိမ်စုမှူးသင်တန်းဖွင့်



**မကွေး ဒီဇင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် ဆယ်အိမ်စုမှူးသင်တန်းကို ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် မကွေးမြို့စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ဝင်းဝင်းမြင့်က မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် မိခင်နှင့်ကလေးများ၏ လူမှုရေးစောင့်ရှောက်မှုပေးခြင်းဖြင့် မိသားစု၏ဘဝအဆင့်အတန်းမြင့်မားလာစေရန်အတွက် အထောက်အကူဖြစ်ရန်ဖြစ်ပြီး ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းများ၊ လူမှုရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ပညာရေးကဏ္ဍနှင့် မိသားစုဝင်ငွေတိုးရေးကဏ္ဍစသည့် အခြေခံလိုအပ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနက မျိုးဆက်ပွားကျန်းမာရေးကဏ္ဍတွင် ပါဝင်ကူညီပေးခြင်းအကြောင်း၊ အာဟာရတိုက်ကျွေးရခြင်းအကြောင်း၊ ကူးစက်နိုင်သောရောဂါနှင့် မကူးစက်နိုင်သောရောဂါများအကြောင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများအကြောင်းတို့ကို အသိပညာပေးဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးတိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းဒေသကြီး ဥပဒေချုပ်ရုံးနှင့် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များက ပညာရေးဆိုင်ရာစောင့်ရှောက်မှုလုပ်ငန်းများအကြောင်း၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာစောင့်ရှောက်မှုလုပ်ငန်းများအကြောင်းကို ဆွေးနွေးပို့ချပြီး သင်တန်းသို့တက်ရောက်လာကြသည့် အမျိုးသမီးအဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။ အဆိုပါ ဆယ်အိမ်စုမှူးသင်တန်းကို ဒီဇင်ဘာ ၁၇ ရက်မှ ၁၈ ရက်အထိ နှစ်ရက်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

## သုံးခွမြို့နယ်အတွင်းရှိ မဲရုံပြုလုပ်မည့်နေရာများ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**သုံးခွ ဒီဇင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် မဲရုံပြုလုပ်မည့်နေရာများအား မီးသတ်ဦးစီးဌာနက မီးဘေးလုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးတင်မျိုးလွင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက အမှတ်(၁၊၂၊၃၊၄၊၁၁၊၁၂) ရပ်ကွက်ရှိ မဲရုံပြုလုပ်မည့်နေရာများအား လျှပ်စစ်ဝိုင်ယာကြိုး၊ ဆိုလာနှင့် လျှပ်စစ်ပစ္စည်းများ၊ မီးသတ်ဆေးဘူးနှင့် မီးငြိမ်းသတ်ရေးပစ္စည်းများ ကောင်းမွန်ခြင်း ရှိ/မရှိတို့ကို ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ ဆောင်ရွက်ထားနိုင်ရေးမှာကြားသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများနှင့် ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စည်သူလင်း(ပြန်/ဆက်)



# ဓမ္မဝါဒီသီလရှင်စာသင်တိုက်သို့ ဆွမ်းဆန်၊ ဆီ၊ နဝကမ္မဝတ္ထုငွေများလှူဒါန်း



ရန်ကုန် ဒီဇင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ဓမ္မဝါဒီသီလရှင်စာသင်တိုက်သို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် မိသားစုများနှင့် အမျိုးသမီးရေးရာ ကော်မတီဝင်များ၊ အလှူရှင်များက ဆွမ်းဆန်၊ ဆီ၊ နဝကမ္မဝတ္ထုငွေများလှူဒါန်းပွဲကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၉ နာရီက ဓမ္မဝါဒီသီလရှင်စာသင်တိုက်၌ ကျင်းပသည်။

**ဆက်ကပ်လှူဒါန်း**

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၏ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများ၏ ဇနီးများ၊ အလှူရှင်များက ဓမ္မဝါဒီသီလရှင်စာသင်တိုက် ပဓာနနာယကဆရာကြီး အင်းစိန်မြို့နယ် သီလရှင်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ သဒ္ဓမ္မဇောတိကဓဇ မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါ်ဓမ္မသိင်္ဂီထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး မိသားစုက ဆွမ်းဆန် နှစ်အိတ်နှင့် ဆီ ၁၀ ပိဿာတို့ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်မိသားစုများ၊ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးနှင့်ဇနီး၊ မြတ်မေတ္တာမွန်ကုမ္ပဏီ၊ မြန်မာအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအဖွဲ့(ရန်ကုန်)၊ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ လေးကျွန်းသူဖောင်ဒေးရှင်း၊ တိုင်းဒေသကြီး မြန်မာ့စီးပွားရေး လုပ်ငန်းရှင် အမျိုးသမီးများ ကွန်ရက်၊ တိုင်းဒေသကြီး အမျိုးသမီးအားကစား ဆပ်ကော်မတီ၊ တိုင်းဒေသကြီး မြန်မာ့သိုင်းအားကစား ဆပ်ကော်မတီ၊ ၁၄ ခရိုင် အမျိုးသမီးရေးရာအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ ဘဏ္ဍာရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် အင်းစိန်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌတို့က ဆွမ်းဆန်၊ ဆီ၊ ကုလားပဲ၊ ခေါက်ဆွဲခြောက်ထုပ်၊ ကြက်ဥ၊ အသီးအနှံခြင်းများနှင့် နဝကမ္မအလှူငွေများကို ဓမ္မဝါဒီ သီလရှင်စာသင်တိုက် ပဓာနနာယက ဆရာကြီး ဒေါ်ဓမ္မသိင်္ဂီထံ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အခမ်းအနားသို့ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများ၏ ဇနီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အမျိုးသမီးရေးရာကော်မတီဝင်များ တက်ရောက်ကြပြီး စုစုပေါင်းပစ္စည်းနှင့် နဝကမ္မဝတ္ထုငွေကျပ် ၁၈၇၂၃၀၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**နေမျိုးထွန်း(ရွှေပြည်သာ)**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ရေယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၂၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် စစ်ကိုင်းမြို့နယ် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ လိုင်စင်မဲ့ယာဉ် ခြောက်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် ပြဒါးပုလင်း ငါးပုလင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀ ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း၊ မုံရွာမြို့နယ် မအူပူးပေါင်း စစ်ဆေးရေးဂိတ်၌ တရားမဝင် ကျွန်းသစ် ၂ ဒသမ ၄၈၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၀၅၉၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ် ပတ္တမြားရပ်ကွက်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းလေးမျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၉၇၆၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၆၈၁၉၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဒိုက်ဦးမြို့နယ်နှင့် ဖြူးမြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၅ ဒသမ ၀၇၁ တန်၊ အခြားသစ် ၂ ဒသမ ၂၇၅ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၆၆၃၁၆၃၂ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၂ ရက်တွင် လှိုင်မြို့နယ် ချောင်းဝဆိပ်ကမ်း၌ မြိတ်မြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်နှစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၇ မျိုး၊ လူသုံးကုန်ပစ္စည်း ခြောက်မျိုး(ခန့်မှန်းတန်ဖိုးငွေ ၁၅၃၃၂၅၉၈၄၉ ကျပ်)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်ရှိရေယာဉ် နှစ်စင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၈၂၅၉၈၄၉ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ဆက်လက်၍ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၂ ရက်တွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၆၇၂၀၀၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေ ၂၆၉၃၂၅၀၀၂၄ ကျပ်)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်နှစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း သုံးမျိုး၊ လျှပ်စစ်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၉၅၇၆၈၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၃၃၈၇၉၇၀၄ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။




စစ်ကိုင်းတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၅ မှု (ခန့်မှန်းတန်ဖိုးငွေ ၄၆၇၄၄၅၃၀၈၅ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၂ ရက်တွင် စစ်ကိုင်းမြို့နယ် ပတ္တမြားရပ်ကွက်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၈၄၈၀၀၀)ကို ပို့ကုန် သွင်းကုန်ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် ခြောက်လက်မ မုံအိုးနှစ်လုံးနှင့် ဆက်စပ်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း၊ ဒီဇင်ဘာ ၁၃ ရက်တွင် စစ်ကိုင်းမြို့နယ် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၈၄၈၀၀၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၈၄၈၀၀၀)ကို သိမ်းဆည်းရမိခဲ့သည်။

ယင်းအပြင် နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် ဒက္ခိဏသီရိမြို့နယ် အတွင်း၌ လိုင်စင်မဲ့ယာဉ်သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၄ ရက်တွင် ဘားအံမြို့နယ် အမှတ်(၉)ရပ်ကွက် အိမ်အမှတ်(၉/၉၀၃)အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ခြောက်မျိုး၊ လျှပ်စစ်ပစ္စည်း ငါးမျိုး၊ လူသုံးကုန်ပစ္စည်း ငါးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၃၅၂၈၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ကျိုက်ထိုမြို့နယ် ကော့စံနိုင်ရပ်ကွက်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၅၇၈၀၀၀၀)ကိုလည်းကောင်း၊ သထုံမြို့နယ် ဇရစ်ချောင်ကျေးရွာ၌ ယာဉ်ခြောက်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၃၇ မျိုး၊ စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၁၄၄၀၂၀၀) ကိုလည်းကောင်း၊ သထုံမြို့နယ် ဒုံသမိတံတားဂိတ်၌ ယာဉ်လေးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၄ မျိုး၊ စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၆၈၀၀၀)ကိုလည်းကောင်း၊ ဘီးလင်းမြို့နယ် ရွှေသံလွင်တိုးဂိတ်ဟောင်းအနီး၌ လိုင်စင်မဲ့ယာဉ် သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၁၉၈၈၂၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၂ ရက်နှင့် ၁၄ ရက်တို့တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Townace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်သုံးဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၄၉ မျိုး (ခန့်မှန်းတန်ဖိုးငွေ ၃၃၀၁၈၆၈၉၂ ကျပ်)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၃၅၉၆၈၆၈၉၂ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၄ ရက်၊ ၆ ရက်၊ ၇ ရက်၊ ၁၂ ရက်၊ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၃ မှု (ခန့်မှန်းတန်ဖိုးငွေ ၂၃၁၄၂၀၃၀၉၂ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိက အဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ITPEC Exam အောင်လက်မှတ်ပေးအပ်ပွဲ အခမ်းအနား ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၂

၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် ကျင်းပစစ်ဆေးခဲ့သည့် ခုနစ်နိုင်ငံ အသိအမှတ်ပြု ITPEC Exam အောင်လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် လှိုင်မြို့နယ်ရှိ MICT Park, Conference Hall ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အောင်လက်မှတ် ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်မည့် အောင်မြင်သူများသည် DOCS.GOOGLE.COMLink မှ ဝင်ရောက်ပြီး စာရင်းပေးသွင်းရမည်ဖြစ်ပြီး စာရင်းပေးသွင်းထားခြင်း မရှိသူများအား ထိုအခမ်းအနားတွင် အောင်လက်မှတ် ပေးအပ်မည်မဟုတ်ဘဲ သီးသန့်ထုတ်ယူရမည်ဖြစ်ကြောင်း သိရသည်။

အောင်လက်မှတ် တက်ရောက်မယူဖြစ်သူများသည် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၃ ရက်မှစတင်ပြီး ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းရုံးခန်း MICT Park အဆောင် ၁၄၊ နှစ်လွှာ ဖုန်း- ၀၁-၉၃၃၉၂၂၀၊ ၀၉ - ၄၀၈၈၃၃၂၂၀ (သို့မဟုတ်) သက်ဆိုင်ရာ သင်တန်းကျောင်းများတွင် သွားရောက်ထုတ်ယူနိုင်သည်။

တိုင်းဒေသကြီး/ ပြည်နယ်များမှ အောင်မြင်သူများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ရှိ ကွန်ပျူတာပညာရှင်အသင်းရုံးများသို့ ဆက်သွယ်ပြီး အောင်လက်မှတ်များထုတ်ယူနိုင်သည်။

မန္တလေးတိုင်းဒေသကြီး အသင်းရုံးဖုန်း - ၀၉ - ၇၉၇၁၉၉၉၁၈၊ မကွေးတိုင်းဒေသကြီး အသင်းရုံးဖုန်း ၀၉ - ၅၃၄၁၁၅၀၊ ကရင်ပြည်နယ် အသင်းရုံးဖုန်း ၀၉ - ၅၁၃၆၄၂၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

**❍ အက်စ်တွန်ဗီလာမှ**

အဲဒီပွဲစဉ်မှာ အက်စ်တွန်ဗီလာအသင်းအတွက် သွင်းဂိုးတွေကို မော်ဂန်ရော်ဂျာက သွင်းယူပေးခဲ့တာဖြစ်ပြီး မန်ယူအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ကွန်ဟာက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

မော်ဂန်ရော်ဂျာဟာ အခုပွဲစဉ်မှာ သွင်းဂိုးနှစ်ဂိုး သွင်းယူနိုင်ခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်ခြောက်ပွဲ ပါဝင်ကစားပြီးချိန်မှာ သွင်းဂိုးခြောက်ဂိုးအထိ ရှိလာခဲ့ပြီလည်းဖြစ်ပါတယ်။ အက်စ်တွန်ဗီလာအသင်းဟာ မန်ယူအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်(၁၇) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၃၆ မှတ် စုဆောင်းနိုင်ခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်မှာ ဦးဆောင်နေတဲ့ အာဆင်နယ်အသင်းနဲ့ သုံးမှတ်အကွာ အမှတ်ပေးဇယား အဆင့်(၃)နေရာကို တက်လှမ်းနိုင်ခဲ့တာဖြစ်ပါတယ်။

မန်ယူအသင်းကတော့ အက်စ်တွန်ဗီလာအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယား အဆင့် (၇)နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။ **ငွေကြယ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်နယ်အစိုးရအဖွဲ့၊ ရှမ်းပြည်နယ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်ဆီဆိုင်မြို့နယ်၊ မြို့မရဲစခန်းဝင်းအတွင်း (၁၄၅'x၃၆.၅') (၆)ခန်းတွဲ(၂)ထပ် ဝန်ထမ်းအိမ်ရာ(၂)လုံး တည်ဆောက်ခြင်းလုပ်ငန်းကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည် -

(က) တင်ဒါလျှောက်လွှာ ရောင်းချမည့်နေ့ - ၂၃-၁၂-၂၀၂၅ ရက်နေ့မှ ၅-၁-၂၀၂၆ ရက်နေ့အထိ

(ခ) တင်ဒါလျှောက်လွှာပိတ်မည့် နေ့ရက်နှင့်အချိန် - ၆-၁-၂၀၂၆ ရက်နေ့ (၁၆:၃၀)နာရီ

(ဂ) တင်ဒါဝယ်ယူရန်နှင့် တင်သွင်းရန်နေရာ - ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ တောင်ကြီးမြို့

၂။ တင်ဒါပုံစံများကို ရုံးချိန်အတွင်း(ရုံးပိတ်ရက်မပါ) ရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ မြေတိုင်းအမှတ်(၈)၊ ရွှေအုတ်ဂူ(၁)လမ်း၊ မြေကွက်အမှတ်(၇၉၀/ခ)ဟု မှတ်သားတည်ရှိသော (၀. ၀၂၇)ဧက၊ (၁၂၀၀-စတုရန်းပေ)အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်အမည်ပေါက် ဦးလှရွှေ [၁၂/သကတ(နိုင်)၀၈၈၆၅၉](ကွယ်လွန်)၏ သား/သမီး/ချွေးမဖြစ်သော ဦးကျော်ကျော်[၁၂/သကတ(နိုင်)၀၅၁၇၃၆]၊ ဒေါ်ရွှေဇင်တိုးတိုး(TKA-၀၅၈၂၁၂)နှင့် ဒေါ်ခင်သန္တာ [၁၂/သကတ(နိုင်)၀၃၆၉၁၄]တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ယခု အရောင်းအဝယ်ကြေညာခြင်းအား ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်မိုးရွှေ (LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၀၃/၁၁)**
**အမှတ်(၁၀၃)၊ (A/B)ပထမထပ်၊ (၃၆)လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉ - ၅၀၉၄၄၅၇**

## မိခင်၊ ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ ပဲနံ့သာကျေးရွာနေ မခင်ဆုပြည့်သျှန် (Grade-7)၏ မိခင်၊ ဖခင်အမည်မှန်မှာ ဦးအောင်ငွေးနှင့် ဒေါ်လှယုံတို့ဖြစ်ပါကြောင်း။

**(ဖခင်) ဦးအောင်ငွေး**
**[၉/ဝတန (နိုင်)၁၁၁၂၆၈]**
**(မိခင်) ဒေါ်လှယုံ**
**[၉/ဝတန (နိုင်) ၀၇၉၁၈၄]**

**ဒဂုံ အရှေ့ပိုင်း**
**119/120/121/122/130/ 131/132/134/135/138/ 139 ရပ်ကွက်ရှိ**
**မြေကွက်များ "ဈေးကောင်းပေး" ဝယ်ယူလိုပါတယ်**
**09 760 760 764**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၆၄) ရပ်ကွက်၊ သိမ်ချောင်းကွင်းအမှတ်(၄၃၉)၊ မြေဧရိယာ(၁၆.၉၉)တွင် အကျုံးဝင်သော မြေကွက်အမှတ်(၁၁၂၊ ၁၁၂/က၊ ၁၁၃၊ ၁၁၄၊ ၉၃၊ ၉၄၊ ၉၅) မြေကွက်များကို မူလအမည်ပေါက် ဒေါ်လီဒါထံမှ အဆင့်ဆင့်စာချုပ်ဖြင့် ဦးစိန်ဝင်းဦးက အပြီးအပိုင် လက်ရောက်ဝယ်ယူထားပြီးဖြစ်၍ အဆိုပါ မြေပေါ်တွင် ခြံစည်းရိုးပိတ်ဆို့ကာရံခြင်း၊ ဆိုင်ခန်းကျူးကျော် တည်ဆောက်ခြင်းများ မပြုလုပ်ပါရန် ကြေညာအပ်ပါသည်။

**ဦးစိန်ဝင်းဦး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအုန်းညွန့်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၁၆)**
**Ph:09-456176926**

## (၂၈-၁၁-၂၀၂၅) ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၂)၌ ပါရှိသော ကန့်ကွက်နိုင်ကြောင်း ရှေ့နေဒေါ်ပါးပါးနီ၏ ကြေညာချက်အား ကန့်ကွက်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် (၄)ရပ်ကွက်၊ (၂၈)လမ်း (အလယ်ဘလောက်) အမှတ်(၁၂၀)(ပထမထပ်)နေ ဒေါ်အေးသန္တာထွန်း [၁၂/ကတတ(နိုင်)၀၂၇၃၈၈] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ကုန်ဈေးတန်းလမ်း၊ အမှတ် (၇၇/၉၇/၈၁) ပေါ်တွင် (ရတနာမြိုင်ဆောက်လုပ်ရေး) မှ ကန်ထရိုက်တာအဖြစ် ဆောက်လုပ်ထားသော (၃)ခန်းတွဲ (၈)ထပ်ခွဲ အခန်း(၁၂)ခန်း Lift ပါ တိုက်၏မြေညီထပ် ထပ်ခိုးပါ အကျယ်အဝန်း (၁၆ပေ x ၆၀ပေ)ရှိ ရေ၊ မီး၊ မီတာ အပါအဝင် တိုက်ခန်း (၁)ခန်းနှင့် ယင်းတိုက်ခန်းအပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)တွင် ဒေါ်အေးသန္တာထွန်း၏ ခင်ပွန်း ဦးသိန်းထွန်း အမည်ပေါက် ပိုင်ဆိုင်သည့် တိုက်ခန်းဖြစ်ပါသည်။

တိုက်ခန်းအမည်ပေါက်သူ ဦးသိန်းထွန်း ကွယ်လွန်ပြီးနောက် ဇနီးဖြစ်သူ ဒေါ်အေးသန္တာထွန်းနှင့် သားဖြစ်သူ မောင်သိန်းထိုက်ထွန်း၊ မောင်သိန်းခန့်ထွန်းတို့မှာ တရားဝင် အမွေဆက်ခံခွင့်ရှိလာပါသည်။ ထို့ကြောင့် အဆိုပါအခန်းအား ဒေါ်ချိုချိုမြင့်မှ ရောင်းချပိုင်ခွင့်ရှိကြောင်းဟုဆိုကာ အရောင်းအဝယ်ပြုလုပ်ခြင်းသည် ရောင်းချပိုင်ခွင့်မရှိသူက ရောင်းချခြင်းသည် ဥပဒေနှင့် မညီသော ရောင်းချခြင်းသာ ဖြစ်ပြီး ရောင်းသူ/ဝယ်ယူသူ၏ တာဝန်သာဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ကုန်ဈေးတန်းလမ်း၊ အမှတ် (၇၇/၉၇/၈၁)ပေါ်တွင် (ရတနာမြိုင်ဆောက်လုပ်ရေး) မှ ကန်ထရိုက်တာအဖြစ် ဆောက်လုပ်ထားသော (၃)ခန်းတွဲ (၈)ထပ်ခွဲ အခန်း (၁၂)ခန်း Lift ပါ တိုက်၏ မြေညီထပ် ထပ်ခိုးပါအကျယ်အဝန်း (၁၆ပေx၆၀ပေ)ရှိ တိုက်ခန်း အရောင်းအဝယ်ကိစ္စအား ကန့်ကွက်နိုင်ကြောင်း ရှေ့နေ ဒေါ်ပါးပါးနီ၏ ကြေညာချက်အပေါ် ဦးသိန်းထွန်း၏ တရားဝင် အမွေဆက်ခံပိုင်ဆိုင်သူ ကျွန်ုပ်တို့၏ မိတ်ဆွေများမှ ကန့်ကွက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဦးလှချို** | **ဒေါ်မာမာသိန်း** | **ဒေါ်ဝင့်ထက်ထက်စံ** |
| **B.Sc, H.G.P, R.L, D.B.L,D.M.L** | **(LL.B)** | **(LL.B)** |
| **(စဉ်-၅၅၅၄/၉၁)** | **(စဉ်-၈၇၉၂)** | **(စဉ်-၁၈၅၅၃)** |

**တရားလွှတ်တော်ရှေ့နေများ**
**ဦးထွန်းသူအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၅၇၆၄)**
**ရုံးခန်း - အမှတ် (၁၁၅)၊ ပထမထပ်၊ (၃၃)လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ရုံးခန်း - အမှတ်(၅၈)၊ မြေညီထပ်၊ ဓမ္မာရုံလမ်း၊ ကန်/တောင်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၅၀၆၄၉၅၉၊ ၀၉-၇၈၀၀၅၄၀၆၀**

**✣ MNL မှ**

ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှေဝတီယူနိုက်တက်အသင်း၊ ဒီဇင်ဘာ ၂၅ ရက်တွင် သီဟဒီပကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် Dagon Port အသင်း၊ သုဝဏ္ဏကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း၊ ပွဲစဉ် (၁၀) အဖြစ် ဒီဇင်ဘာ ၂၉ ရက်တွင် သုဝဏ္ဏကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ရှေဝတီယူနိုက်တက်အသင်း၊ သီဟဒီပကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် ရာမညယူနိုက်တက်အသင်း၊ ဒီဇင်ဘာ ၃၀ ရက်တွင် သီဟဒီပကွင်း၌ ရတနာပုံအသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ Dagon Port အသင်းနှင့် သစ္စာအားမာန်အသင်း၊ ဒီဇင်ဘာ ၃၁ ရက်တွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း၊ ပွဲစဉ် (၁၂) အဖြစ် ဇန်နဝါရီ ၅ ရက်တွင် သုဝဏ္ဏကွင်း၌ ရာမညယူနိုက်တက်အသင်းနှင့် Dagon Port အသင်း၊ သီဟဒီပကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း၊ ဇန်နဝါရီ ၆ ရက်တွင် YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ ရှေဝတီယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်း၊ တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်း၊ ဇန်နဝါရီ ၇ ရက်တွင် သုဝဏ္ဏကွင်း၌ ရတနာပုံအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပွဲစဉ် (၈) အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၂၂ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရန်ကုန်ယူနိုက်တက်အသင်းက ၂၁ မှတ်၊ ရတနာပုံအသင်းနှင့် အား/ကာသိပ္ပံအသင်းက ၁၄ မှတ်စီ၊ ဟံသာဝတီယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းက ၁၂ မှတ်စီ၊ ရှေဝတီယူနိုက်တက်အသင်းက ၁၀ မှတ်၊ သစ္စာအားမာန်အသင်းနှင့် မဟာယူနိုက်တက်အသင်းက ရှစ်မှတ်စီ၊ ရခိုင်ယူနိုက်တက်အသင်းက ခြောက်မှတ်၊ Dagon Port အသင်းက ငါးမှတ်၊ ရာမညယူနိုက်တက်အသင်းက နှစ်မှတ် ရရှိထားသည်။

MNL အမှတ်ပေးပြိုင်ပွဲကို ဆီးဂိမ်းပြိုင်ပွဲကြောင့် ခေတ္တရပ်နားထားခြင်းဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်
ဓာတ်ပုံ-MNL

## မင်းလှမြို့၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေး



မင်းလှ ဒီဇင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ကျန်းမာရေးဦးစီးဌာန ပြည်သူ့ဆေးရုံခန်းမ၌ ယနေ့နံနက်ပိုင်းတွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။

အဆိုပါ ကျန်းမာရေး စောင့်ရှောက်မှု ပေးခြင်းကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာလှဝင်း ဦးဆောင်၍ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဝန်ထမ်းများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးကုသမှုပေးခြင်းနှင့် ဆေးဝါးများ အခမဲ့ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ လစဉ် ၂၀ ရက်နေ့တိုင်း ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

■

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ကျောင်းပေါင်းစုံဘင်ခရာပြိုင်ပွဲ၌ အသင်းလိုက်ပထမဆုနှင့် ကျိုင်းစွမ်းရည်ပထမဆုရ ဘင်ခရာအဖွဲ့အား ဂုဏ်ပြုပွဲကျင်းပ

တွံတေး ဒီဇင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကျောင်းပေါင်းစုံဘင်ခရာပြိုင်ပွဲ(ခ)အုပ်စု အသင်းလိုက် ပထမဆုနှင့် ကျိုင်းစွမ်းရည်ပထမဆုရ အထက(၁)တွံတေး ဘင်ခရာအဖွဲ့အား ဂုဏ်ပြုပွဲကို ယနေ့နံနက် ၉ နာရီတွင် အထက(၁) တွံတေး ယုဇနခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ဦးစွာ အထက (၁) တွံတေး ဘင်ခရာ မောင်မယ်များက "မြတ်ဆရာ"သီချင်း တီးမှုတ်၍ သီဆိုဖွင့်လှစ်သည်။ ဆက်လက်၍ တွံတေးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးညွန့်နွယ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ယင်းနောက် အလှူရှင်များ၊ နည်းပြဆရာများနှင့် ဆုရရှိသည့် ဘင်ခရာအဖွဲ့ဝင်များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)



## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်မည့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းလက်အောက်ရှိ (ကယား၊ ချင်း၊ ရှမ်း-မြောက်၊ ရခိုင်၊ တနင်္သာရီ၊ စစ်ကိုင်း)မပါ တိုင်းဒေသကြီး/ပြည်နယ်ရုံး(၁၀)ခုအောက်ရှိ မြို့နယ်ရုံးများ၏ ငွေကောက်ကောင်တာများတွင် အသုံးပြုရန်အတွက် လိုအပ်သော Note Counting Machine (Desktop Type) 40 Nos ဝယ်ယူရန်အတွက် မြန်မာကျပ်ငွေ(Kyat)ဖြင့် ဝယ်ယူလိုပါသည်-

တင်ဒါစတင်ရောင်းချမည့်ရက် - ၂၂-၁၂-၂၀၂၅
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၅-၁-၂၀၂၆ ရက်နေ့၊ မွန်းတည့် (၁၂ :၀၀) နာရီ

၂။ တင်ဒါပုံစံနှင့် အချက်အလက်များကို သတ်မှတ်နှုန်းထားအတိုင်း ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အင်ဂျင်နီယာချုပ်ရုံး၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (က)၊ မြေကွက်အမှတ် (၁၉၁)၊ ၂၄၀၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ်(၁၉၁)၊ တုသိတာလမ်း၊ (က) ရပ်ကွက်၊ ဒေါ်တင်ယုံ [၁၂/ဥကမ(နိုင်)၁၁၆၃၄၁]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဒေါ်တင်ယုံ (မိခင်)သည် (၂၄-၇-၁၉၉၆)ရက်နေ့တွင်လည်းကောင်း၊ ဦးစံရှင်(ဖခင်)သည်(၁၈-၉-၁၉၇၈)ရက်နေ့တွင်လည်းကောင်း၊ အသီးသီးကွယ်လွန်ခဲ့ကြပြီး ဦးသန်းမောင်၊ ဒေါ်သန်းအေး၊ ဦးထွေးအောင် သား/သမီး (၃)ဦး မွေးဖွားခဲ့ရာ သားတစ်ဦးဖြစ်သူ ဦးသန်းမောင်သည် (၃-၈-၂၀၁၅)ရက်နေ့တွင်လည်းကောင်း၊ ၎င်း၏ဇနီးဖြစ်သူ ဒေါ်အေးသန်းသည်(၃-၈-၁၉၉၄)ရက်နေ့တွင် ကွယ်လွန်ခဲ့သဖြင့် ဒေါ်ခင်သန်းဦး၊ ဒေါ်နွယ်နီဦး၊ ဒေါ်သန္တာနွယ်၊ ဦးဖုန်းဇော်ဦး သားသမီး(၄)ဦးမွေးဖွားခဲ့ရာ သားတစ်ဦးဖြစ်သူ ဦးဖုန်းဇော်ဦးသည် (၁၉-၁၁-၂၀၂၁) ရက်နေ့တွင် ကွယ်လွန်ခဲ့သဖြင့် ၎င်း၏အစုအတွက် ဇနီးဖြစ်သူ ဒေါ်နှင်းသီတာစော၊ အမည်ပေါက် ဒေါ်တင်ယုံ၏သမီးဖြစ်သူဒေါ်သန်းအေးသည် (၉-၁၀-၂၀၀၅) ရက်နေ့တွင် အိမ်ထောင်မရှိ၊ အပျိုကြီးဘဝဖြင့်ကိတ္တိမသား/သမီးများ မွေးစားထားခဲ့ခြင်းမရှိဘဲ ကွယ်လွန်ခဲ့သဖြင့် အမည်ပေါက်ဒေါ်တင်ယုံ၏ ကျန်သားတစ်ဦးဖြစ်သူ-ဦးထွေးမောင်[၁၂/ဥကမ(နိုင်)၁၁၆၃၉၉]နှင့်အတူ ဒေါ်ခင်သန်းဦး [၁၂/ဥကမ(နိုင်)၁၁၆၃၈၅]၊ ဒေါ်နွယ်နီဦး[၁၂/မဂဒ(နိုင်)၀၅၄၃၇၈]၊ ဒေါ်သန္တာနွယ် [၃/ဘအန(နိုင်)၀၃၂၂၇၈]၊ ဒေါ်နှင်းသီတာစော[၁၂/ဥကမ(နိုင်)၀၀၀၉၄၁]တို့မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့် သား/မြေးများနှင့် မြေးချွေးမတော်စပ်ကြောင်း၊ မိမိတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်အမှတ်-၁၁၁၄၈/၃၀- ၉-၂၀၂၅၊ ထောက်ခံ ကျမ်းကျိန်(၂)စောင်၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်းတို့ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို မူပိုင်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ အမှတ်(၂၇)၊ (၁၂၃)လမ်းတွင်နေထိုင်သော ဒေါ်စံပါယ် (ဘ) MANOGARAN(ခ)မောင်မောင် [၁၂/တမန(ပြု)၀၀၀၁၉၅]သည် အောက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် (၄/၁၀၅၆၂) ဖြင့် မိမိတစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်-




ဖော်ပြပါ **"MYA ဆေးဆိုင် PHARMACY"** လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ ဗလာစာအုပ်၊ ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ Name card, Letterhead, E-mail, Internet, Website, Logo, Invitation Letter, Social Media, Facebook အစရှိသည်တို့တွင် အသုံးပြုသွားမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် **"အင်္ဂလိပ်ဆေးနှင့် မြန်မာဆေးအမျိုးမျိုး"** တို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာတစ်နိုင်ငံလုံးရှိ မြို့များတွင် ဆိုင်ခန်းများဖွင့်လှစ်၍ လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသွားရန်ဖြစ်ပါသည်။ ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို မည်သူမျှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှား အတုအပပြုလုပ်၍ဖြစ်စေ သုံးစွဲခြင်းမပြုရန် အသိပေးတားမြစ်အပ်ပါသည်။

အကယ်၍ ဖော်ပြပါလုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသ သို့မဟုတ် တစ်ခုလုံးကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှား အတုအပပြုလုပ်၍ဖြစ်စေ၊ သုံးစွဲကြောင်း တွေ့ရှိပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထူးထူးငွေ BA (Law), LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၁၂၀/၁၉၈၇)**
**09-5069190, 09-425329888, 09-699580835**
**Building AA-1, Room 301, ဗိုလ်မှူးဗထူးအိမ်ရာ(၂)၊**
**မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့ဟောင်း(၈)လမ်းနှင့် သမိုင်းဘူတာရုံလမ်းထောင့်၊ အမှတ်(၄၂၆)ဟုခေါ်တွင်သည့် နှစ်ခန်းတွဲ (၆)ထပ်တိုက်၏ တတိယထပ်၊ ၄-လွှာ (ခြေရင်းခြမ်း)၊ အကျယ်အဝန်း( ၁၂ ½ ပေ x ၅၀ ပေ) ရှိသော တိုက်ခန်းနှင့်တကွ အဆိုပါတိုက်ခန်းတွင် တပ်ဆင်အသုံးပြုထားသော ကိုယ်ပိုင်မော်တာ၊ ကိုယ်ပိုင်မီတာအပါအဝင် တိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်သွယ်သွယ်မိုး (ဘ) ဦးကျော်ကျော် [၁၁/ကတန(နိုင်)၀၇၉၄၃၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းမေ (ဘ) ဦးညီငယ်[၁၁/ဂမန(နိုင်)၀၁၂၇၉၂]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်အရ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ခိုင်လုံသည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို နှစ်ဖက်သဘောတူညီချက်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန္ဒာမိုး (မမိုးလေး) LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၆၈၁)**
**တိုက် (၁၈)၊ ဒုတိယထပ်၊ ရွှေလောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၅၁၆၅၇၂၄၊ ၀၉-၇၉၈၈၄၅၉၈၄**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

**ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၉၈၉)၊ မြေကွက်အကျယ်၊ အနောက်နှင့်အရှေ့ ၄၃ ပေ၊ တောင်ဘက် ၇၄ ပေ၊ မြောက်ဘက် ၆၈ ပေအကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်အိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်၊ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း။**

အထက်ဖော်ပြပါမြေကွက်နှင့် အိမ်ကို အပိုင်ရောင်းချသူများ၏ဖခင် ဦးစိန်ကွန်း (BQ ၀၀၂၀၁၂)၊ မိခင် ဒေါ်ညို (ISN-၁၂၄၆၀၂)တို့က (၂၈-၃-၁၉၇၅) ရက်စွဲပါ အိမ်အရောင်းအဝယ်စာချုပ်အရ ဦးအုံးစိန် (အိုင်အက်အင်-၅၄၇၅၀၃) နှင့် ဒေါ်မြသန်းကြည်(အိပ်ဘီအီး-၀၄၀၀၃၆)တို့ထံမှ ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိပြီး မိဘများကွယ်လွန်သွားကြသောအခါ ရောင်းချသူသားသမီး(၃)ဦးက အမွေဆက်ခံပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်ငွေလှိုင်[၁၂/အစန(နိုင်)၀၄၄၂၅၈]၊ ဒေါ်မြင့်မြင့်ရွှေ[၁၂/အစန(နိုင်)၁၁၆၀၇၉]၊ ဦးလှမြင့်(ခ)ဝင်းနိုင် [၁၂/အစန(နိုင်)၁၁၆၀၇၈]တို့ထံမှ ကျွန်ုပ်မိတ်ဆွေများက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ဖြူ (LL.B, DBL,DML,DIL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၃၂)**
**အမှတ်(၅၁)၊ နိဗ္ဗိန္ဒလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၈၆၁၈၄**

## "ကုန်အမှတ်တံဆိပ်နှင့် လုပ်ငန်းအမည်အမှတ်အသားကို မူပိုင်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မလွှကုန်းလမ်း၊ အမှတ်(၈၇)၊ (၃)လွှာတွင်နေထိုင်သော ဒေါ်ခန့်ကြည်ကို (ဘ) ဦးသိန်းဇော်ဝင်း [၁၂/တမန(နိုင်)၁၀၈၇၁၄]သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်နှင့် လုပ်ငန်းအမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်(၄/၁၀၁၇၆) (၄/၁၀၁၇၇) ဖြင့် မိမိတစ်ဦးတည်း မူပိုင်ဖြစ်ကြောင်း မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်-




ဖော်ပြပါ **"ကိုလူကြမ်း Coffee"** ကုန်အမှတ်တံဆိပ်နှင့် လုပ်ငန်းအမည်အမှတ်အသားကို အသုံးပြု၍ ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ ဗလာစာအုပ်၊ ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ Name card, Letterhead, E-mail, Internet, Website, Logo, Invitation Letter, Social Media, Facebook အစရှိသည်တို့တွင် အသုံးပြုသွားမည်ဖြစ်ပြီး အဆိုပါကုန်အမှတ်တံဆိပ်နှင့် လုပ်ငန်းအမည်အမှတ်အသားဖြင့် **"ကော်ဖီဆိုင်များနှင့် Espresso double shot, Chocolate Syrup, Matcha Syrup"** အစရှိသည်တို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာတစ်နိုင်ငံလုံးရှိ မြို့များတွင် ဆိုင်ခန်းများဖွင့်ခြင်း၊ ကုန်ပစ္စည်းများထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများလုပ်ကိုင်ရာတွင် အသုံးပြုသွားရန်ဖြစ်ပါသည်။ ဖော်ပြပါကုန်အမှတ်တံဆိပ်နှင့် လုပ်ငန်းအမည်အမှတ်အသားကို မည်သူမျှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှား အတုအပပြုလုပ်၍ဖြစ်စေ သုံးစွဲခြင်းမပြုရန် အသိပေးတားမြစ်အပ်ပါသည်။

အကယ်၍ ဖော်ပြပါ ကုန်အမှတ်တံဆိပ်နှင့်လုပ်ငန်း အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသ သို့မဟုတ် တစ်ခုလုံးကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှား အတုအပပြုလုပ်၍ဖြစ်စေ၊ သုံးစွဲကြောင်း တွေ့ရှိပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထူးထူးငွေ BA (Law), LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၁၂၀/၁၉၈၇)**
**09-5069190, 09-425329888, 09-699580835**
**Building AA-1, Room 301, ဗိုလ်မှူးဗထူးအိမ်ရာ(၂)၊**
**မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**

## တစ်ဦးတည်း ဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်နေ မညိုညိုစန်း၏ ဖခင်အမည်မှာ ဦးပီချဲနှင့် ဦးမန်းနီးတို့သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မြေကွက်အမှတ်(၂၄၂)၊ မြေကွက်တည်နေရာအမှတ်(၂၄၂)၊ ပဒေသရာဇာလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြောက်၊ ဦးလှဝင်းနိုင် [၁၂/ဥကတ(နိုင်)၁၃၄၅၉၃]၊ ဒေါ်ရူပါအောင်[၁၂/အလန(နိုင်)၀၃၄၈၁၈] အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား ဂရန်အမည်ပေါက် ဦးလှဝင်းနိုင်နှင့် ဒေါ်ရူပါအောင်တို့အား တရားပြိုင်ထားကာ ဦးသော်ထက်နိုင် (၎င်း၏အခွင့်ရကိုယ်စားလှယ်) ဦးထူးထက်အောင်မှ တရားလိုပြုလုပ်၍ ဒဂုံမြို့သစ်ခရိုင်တရားရုံး၌ တရားမကြီးမှုအမှတ်-၉၀/၂၀၂၄ ဖြင့် ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် ၂၁-၁၀-၂၀၂၄ ရက်စွဲပါ စီရင်ချက်၊ ဒီကရီနှင့် တရားမဇာရီမှုအမှတ်-၁၁/၂၀၂၄ တို့အရ တရားရုံးကိုယ်စား ဘီလစ်ဒေါ်ခင်ရူပလှိုင် [၇/ရကန(နိုင်)၀၆၂၂၆၄] မှ တရားရုံးအမိန့်၊ ဘီလစ်ခန့်စာ၊ ဂရန်၊နိုင်ကတ်တို့တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကွင်းအမှတ်(၉၈၇)၊ ဇုန်အမှတ်(၂)၊ မြေကွက်အမှတ်(၄၀၂) ဧရိယာ (၅.၀၀) ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဇုန်အမှတ်(၂)၊ (C-10) လမ်း၊ အမှတ်(၄၀၂) ဟုခေါ်တွင်သော အကျိုးခံစားခွင့်များအားလုံးနှင့် (လုပ်ပိုင်ခွင့်)ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန် လုပ်ငန်းကော်မတီတွင် အမိန့်အမှတ်-၁၂/၂၀၂၃၊ ဆုံးဖြတ်ချက်အပိုဒ်(၃၂)ဖြင့် ဒေါ်ဖူးဟွမ်[၉/မမန(နိုင်)၀၁၇၇၆၁]အမည်ဖြင့် မှတ်သားထားရှိပါသည်။ ယခုရောင်းချသူ/အမည်ပေါက်သူ ဒေါ်ဖူးဟွမ်က တရားဝင်လက်ရှိပိုင်ဆိုင်လျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အမွေစားအမွေခံ အရှုပ်အထွေးကင်းရှင်းကြောင်း၊ ဝန်ခံကတိပြု၍ ရောင်းချလိုပါကြောင်း ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင် ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသူရကျော်[၁၂/တမန(နိုင်) ၁၂၁၃၉၀]၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ပါးပါးနီ ( LL.B.,D. B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၈၄၇)**
**တိုက်(၉/၁၁)၊ အခန်း(၂၀၂-အေ)၊ ဒုတိယထပ်၊ (၃၆-လမ်း)တို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၉၈၄၇၈၆၂၊ ၀၉-၂၅၅၇၇၈၀၉၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဆပ်သွားတောကျေးရွာအုပ်စု၊ ကွင်းအမှတ်-၅၁၈-B၊ ကွင်းအမည်-ဆပ်သွားတောအရှေ့၊ ဒေါ်အေးမြင့်အမည်ပေါက် ပုံစံ(၇)ရရှိထားသော ဦးပိုင်အမှတ်-၂၁/၁၊ မြေဧရိယာ(၁၁.၄၂)ဧက၊ ဦးပိုင်အမှတ်-၃၀/၂၊ မြေဧရိယာ(၇. ၂၁)ဧက၊ ဦးပိုင်အမှတ်-၅/၂၊ မြေဧရိယာ(၂.၈၇)ဧက၊ ဦးပိုင်အမှတ်-၅/၃၊ မြေဧရိယာ(၂၆.၂၃)ဧက၊ ဦးပိုင်အမှတ်-၅/၅၊ မြေဧရိယာ-(၁၀. ၄၂)ဧက၊ ဦးပိုင်အမှတ်-၁၉၊ မြေဧရိယာ(၇. ၁၇)ဧကရှိ လယ်မြေကွက်များနှင့် အခြားအမည်ပေါက်သူများထံမှ ဒေါ်အေးမြင့်က ဝယ်ယူထားသော ဦးပိုင်အမှတ်-၂၀၊ မြေဧရိယာ(၀.၂၃)ဧက၊ ဦးပိုင်အမှတ်-၂၁/၂၊ မြေဧရိယာ(၁၀.၃၆)ဧက၊ ဦးပိုင်အမှတ်-၂၉/၄၊ မြေဧရိယာ(၅.၀၀)ဧက၊ ဦးပိုင်အမှတ်-၂၉/၃၊ မြေဧရိယာ(၄.၉၀)ဧကရှိ လယ်မြေကွက်များအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့၏ စုစုပေါင်းခန့်မှန်းဧရိယာ(၇၈)ဧကခန့်အား ဒေါ်အေးမြင့်[၉/မကန(နိုင်)၀၈၉၈၅၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူမည်ဖြစ်ပါသဖြင့် အဆိုပါလယ်မြေကွက်များနှင့် မြေကွက်ပေါ်ရှိ သီးပင်၊ စားပင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အလွှဲအပြောင်း၊ အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်အကြောင်းရှိခဲ့ပါလျှင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ဆက်သွယ်ပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအလွှဲအပြောင်း အရောင်းအဝယ်ကိစ္စများကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်ဝင်းထွန်း(LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၀၃)**
**ရုံးခန်းအမှတ်-၅၊ ပထမထပ်၊ Strand Condominium၊ အမှတ်-၃၃/၄၉၊**
**မဟာဗန္ဓုလပန်ခြံလမ်း(ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၅၀၀၃၉၂၁၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၈၊ ဓမ္မရတနာလမ်း၊ မြေကွက်အမှတ်-၂၉၀/ခ၊ အကျယ်အဝန်း(အလျား ၂၀ ပေ x အနံ ၆၀ ပေ)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်များအပါအဝင် အကျိုးခံစားခွင့်တို့အား ဦးလှိုင် (CG - ၀၀၀၇၈၂)မှ တရားဝင်အမည်ပေါက်လျက်ရှိပါသည်။ ယခုအခါ ဖခင် ဦးလှိုင်နှင့် မိခင် ဒေါ်တင်နုတို့သည် အသီးသီးကွယ်လွန်သွားပြီဖြစ်သဖြင့် ၎င်းတို့၏အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူများဖြစ်သော (၁) ဒေါ်မြနု [၁၂/တမန(နိုင်) ၀၅၅၂၁၈]၊ (၂) ဦးစောနောင် [၁၂/ဒဂဆ(နိုင်)၀၀၃၀၁၉]၊ (၃) ဒေါ်စုသက်ခိုင် [၁၂/ဒဂဆ(နိုင်)၀၀၃၆၀၈]၊ (၄) ဒေါ်နီနီဝင်း [၁၂/ဒဂဆ (နိုင်)၀၀၅၄၈၂]၊ (၅) ဦးပြည့်ဖြိုးကျော် [၁၂/ဒဂဆ(နိုင်)၀၂၃၉၁၇] ကိုင်ဆောင်သူတို့မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် လက်ရှိထားနေထိုင်လျက်ရှိပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးရှုရီမနီ [၁၂/အစန(နိုင်)၁၀၉၆၆၈]ကိုင်ဆောင်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဆွေဆွေသန်း (LL.B, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၇၂၇၀)**
**အမှတ်-၅၀၊ ဘဏ်လမ်း၊ ပထမထပ်၊ အခန်း (A-7/8)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၂၁၀၀၅၇၀၀၊ (Viber) ၀၉-၇၉၅၅၂၁၇၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ခ၊ မဈေးလမ်း၊ မြေကွက်အမှတ် - ၃၀ ½၊ အကျယ်အဝန်း (အလျား ၂၀ ပေ x အနံ ၆၀ ပေ)ရှိ ဦးသိန်းဟံ (CF - ၁၀၅၉၀၇)၊ [၁၂/ဥကမ(နိုင်)၀၄၂၄၅၄]အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်အနက်မှ အကျယ်အဝန်း (အလျား ၁၀ ပေ x အနံ ၆၀ ပေ) (ခြေရင်းဘက်အခြမ်း)အား အမည်ပေါက် ဦးသိန်းဟံနှင့် ၎င်း၏ဇနီး ဒေါ်ရီတို့ အသီးသီးကွယ်လွန်သွားခဲ့ကြပြီးဖြစ်သဖြင့် ၎င်းတို့၏ တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်စန်းစန်းမြင့် [၁၂/ဥကမ(နိုင်)၀၄၂၄၆၈]ထံမှ (၂၀-၃-၂၀၁၈)ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့် ဦးမင်းကျော် [၁၂/မဂဒ (နိုင်)၀၈၂၀၈၃]နှင့် ဒေါ်ယဉ်ယဉ်ကြည် [၁၂/ဥကမ(နိုင်)၀၀၄၆၇၀]ကိုင်ဆောင်သူတို့မှ ဝယ်ယူကာ လက်ရှိထားပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ၎င်းမြေကွက်ထဲမှ ကျန်မြေအကျယ်အဝန်း (အလျား ၁၀ ပေ x အနံ ၆၀ ပေ) (ခေါင်းရင်းဘက်အခြမ်း)မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးမင်းကျော်၊ ဒေါ်ယဉ်ယဉ်ကြည်တို့မှပင် အပြီးအပိုင် ထပ်မံဝယ်ယူရန် သတ်မှတ် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို(စရန်ငွေ)အဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်(၂)ကွက် စုစုပေါင်းအကျယ်အဝန်း (အလျား ၂၀ ပေ x အနံ ၆၀ ပေ)နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေများမှ တရားဝင်အမည်ပေါက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဆွေဆွေသန်း (LL.B, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၇၂၇၀)**
**အမှတ်-၅၀၊ ဘဏ်လမ်း၊ ပထမထပ်၊ အခန်း (A-7/8)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၂၁၀၀၅၇၀၀၊ (Viber) ၀၉-၇၉၅၅၂၁၇၈**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၅)၊ ထားဝယ်လမ်း၊ မြေကွက်အမှတ်(၈၇၈/က+ခ)ဟုခေါ်တွင်သည့် (အလျား ၄၀ ပေ x အနံ ၆၀ ပေ) အကျယ်အဝန်းရှိသော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦ၏ (အလျား ၁၇ ပေ x အနံ ၅၄ ပေ) အကျယ်အဝန်းရှိသော ပထမထပ် (ခေါင်းရင်းခန်း)တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြေပိုင်ရှင် ဒေါ်တင်တင်မြင့် [၁၂/အစန(နိုင်)၁၀၁၀၈၄]မှ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး အပြီးအပိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး တိုက်ခန်းရောင်းသူ/မြေပိုင်ရှင် ဒေါ်တင်တင်မြင့်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းရွှေ [၁၁/ကတန(နိုင်)၀၀၁၇၈၀]သည် (၁၆-၁၂-၂၀၂၅)ရက်စွဲဖြင့် "နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်"ချုပ်ဆို၍ ရောင်းဖိုးငွေအပြေအကျေပေးချေပြီး ဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငုဝါထွန်း (LL.B,M.B.L, D.B.L,D.I.R)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၀၃၀/၁၃)**
**အမှတ်(၄၅)၊ မြေညီ၊ အသောကလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၄၃၀၂၃၃၈**

❖ NCA ရဲ့ အနှစ်သာရဟာ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး လွတ်လပ်မှု၊ တန်းတူညီမျှမှုနဲ့ တရားမျှတမှုတို့ကို အခြေခံတဲ့ ပြည်ထောင်စုစိတ်ဓာတ်နဲ့အညီ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက်အပြည့်အဝရှိတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနဲ့အညီ တည်ဆောက်ဖို့ပဲဖြစ်ပါတယ်။...

( ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် ပြုလုပ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) (၁၀) နှစ်ပြည့်နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မြောင်းမြို့တို့ကို ဆက်သွယ်ထားသည့် ရောဝတီတံတား(ရတနာသိင်္ခ) နေရာတစ်ဝိုက်အား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိ

နေပြည်တော် ဒီဇင်ဘာ ၂၂

တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့/ရွာအချို့အား ပြန်လည်သိမ်းပိုက်ရရှိရေး အကြမ်းဖက်မှု ချေမှုန်းရေးစစ်ဆင်ရေး (Counter–Terrorism Operation)ကို ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၉ ရက်တွင်လည်း မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နှင့် ယင်းဒေသတစ်ဝိုက်အား ထပ်မံ၍ ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် အဆိုပါဒေသအား ယာယီစိုးမိုးထားစဉ် မြို့/ရွာများအတွင်း ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ ဆေးရုံများနှင့် လူနေအိမ်များအတွင်း ဝင်ရောက်နေရာယူ၍ ဘန်ကာများပြုလုပ်ခြင်း၊ ပြည်သူများ၏ အိုးအိမ်များကို ခံစစ်တံတိုင်းအဖြစ် အကာကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်း၊ ပြည်သူများ အဓိကသွားလာအသုံးပြုလျက်ရှိသည့် လမ်း/တံတားများကို မိုင်းထောင်ဖောက်ခွဲခြင်းများ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၉ ရက်တွင်လည်း မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မြောင်းမြို့တို့ကို ဆက်သွယ်ထား၍ ပြည်သူလူထု၏

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✭



PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးပြီး မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ရောဝတီတံတား (ရတနာသိင်္ခ)အား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။

## MNL အမှတ်ပေးပြိုင်ပွဲ ပထမအကျော့လက်ကျန်ပွဲများ ပြန်လည်ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၂

၂၀၂၅–၂၀၂၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပထမအကျော့လက်ကျန်ပွဲများကို ဒီဇင်ဘာ ၂၃ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

ပထမအကျော့ပြီးဆုံးရန် ပွဲစဉ်သုံးခုသာ ကျန်ရှိပြီး ဒီဇင်ဘာ ၂၃ ရက်မှ ဇန်နဝါရီ ၇ ရက်အတွင်း ကျင်းပမည်ဖြစ်သည်။ ပထမအကျော့လက်ကျန်ပွဲစဉ်များအနက် ပွဲစဉ် (၉) အဖြစ် ဒီဇင်ဘာ ၂၃ ရက်တွင် သုဝဏ္ဏကွင်း၌ ရတနာပုံအသင်းနှင့် အား/ကာသိပ္ပံအသင်း၊ သီဟဒီပကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ရာမညယူနိုက်တက်အသင်း၊ ဒီဇင်ဘာ ၂၄ ရက်တွင် သုဝဏ္ဏကွင်း၌ သစ္စာအားမာန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ YUSC ကွင်း၌

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ✣



အက်စ်တွန်ဗီလာအသင်းနှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## အက်စ်တွန်ဗီလာအသင်းက မန်ယူအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိ

အက်စ်တွန်ဗီလာအသင်းနဲ့ မန်ယူအသင်းတို့ ဒီဇင်ဘာ ၂၂ ရက်နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ အိမ်ရှင်အက်စ်တွန်ဗီလာအသင်းက မန်ယူအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❍

## ယနေ့ ဖတ်စရာ

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား အရေးယူ**

စာမျက်နှာ » ၁၄

**KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၄၈၈ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးစီး၊ မြဝတီမြို့နှင့် အနီးတစ်ဝိုက်ရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများအား ချိပ်ပိတ်သိမ်းဆည်း**

စာမျက်နှာ » ၁၅